# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 29 July 2025 ၁၁၈၉၃


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့၊ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်း တရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum) ဖွင့်ပွဲအခမ်းအနားကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၈

"ငလျင်ကာလအလွန် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်တွင်ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာစိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ (Post Earthquake Technical Forum) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။


ယနေ့ ဖတ်စရာ

၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များ သိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ စာမျက်နှာ » ၄

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း စာမျက်နှာ » ၅

ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card-OWIC)ပေါ်တွင် လုံခြုံရေးSticker အသုံးပြုသွားမည့်ကိစ္စနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက် စာမျက်နှာ » ၁၀

ကြေးမုံ

# ငြိမ်းချမ်းရေးလုပ်ငန်းအပေါ်ယုံကြည် နိုင်ငံတော်နှင့်အတူ ပူးပေါင်းလက်တွဲ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရက PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်း များအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိသည်။

ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ် သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရနှင့် တပ်မတော် ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်ကြသည့် တိုင်းရင်းသား လက်နက်ကိုင်အချို့နှင့် ဥပဒေပြင်ပရောက်ရှိခဲ့ကြသည့်လူငယ်များသည် လမ်းမှန် ပေါ်သို့ တဖွဲဖွဲပြန်လည်ဝင်ရောက်လျက်ရှိသည်။ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား သက်ဆိုင်ရာအဖွဲ့အစည်းများက နွေးထွေးစွာပြန်လည် ကြိုဆိုလက်ခံပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်း သူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့မှ ၂၇ ရက်နေ့အထိ လက်နက်ကိုင်အကြမ်းဖက် လမ်းစဉ်ဘက်သို့ ရောက်ရှိခဲ့ကြသော TNLA အဖွဲ့ဝင် လေးဦး၊ DPLA အဖွဲ့ဝင် ၄၁ ဦးနှင့် MDY–PDF အဖွဲ့ဝင် ၅၂ ဦး စုစုပေါင်း ၉၇ ဦးတို့သည် လက်နက်မျိုးစုံ ၁၃ လက်၊ ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။ အကြမ်းဖက်သောင်းကျန်းသူများ၏ တော်လှန်ရေးဆိုသော လက်နက်ကိုင်လမ်းစဉ်၏ ပကတိအခြေအနေမှန်နှင့် နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို နားလည်သဘောပေါက်လာကြသဖြင့် ယခင် ကလည်း PDF အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ မကြာခဏဝင်ရောက်မှုများ ရှိခဲ့သလို ထပ်မံ၍လည်း လမ်းမှန်ပေါ်သို့ ရောက်ရှိလာကြမည့်သူများလည်းရှိသည်။

ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် MDY–PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များအနေဖြင့် အတင်းအဓမ္မ လူသစ်စုဆောင်းခံရခြင်း၊ အကြမ်းဖက်အဖွဲ့ များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုများနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ အဓမ္မ ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ကြရခြင်းတို့နှင့် ကြုံတွေ့လာကြသည်။

ထို့အပြင် တပ်မတော်၏ တိုက်စစ်ကို ပြန်လည်ခုခံနိုင်စွမ်းမရှိတော့ခြင်း၊ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံလာကြပြီး ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုကို ပြန်လည် ပေးဆပ်လိုသောကြောင့် အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်များအား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြခြင်းဖြစ်သည်။ ဥပဒေဘောင်အတွင်း သို့ ပြန်လည်ဝင်ရောက်လာကြသူများအား တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူ များက နွေးထွေးပျူငှာစွာကြိုဆိုကြပြီး စိတ်အေးချမ်းမြေ့စွာဖြင့် မိဘအုပ်ထိန်းသူများ ၏ အရိပ်အောက်တွင် အေးချမ်းစွာနေထိုင်ကြကာ နိုင်ငံနှင့် ပြည်သူအတွက် ပြန်လည် အလုပ်အကျွေးပြုနိုင်တော့မည်ဖြစ်သည်။

ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင်များအား ဝန်ခံ ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ် သည့်အခါ တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ် ခဲ့သည်။ ယခုအခါ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိနေကြ သူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများ နှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ပေးအပ်သွားမည်ဖြစ်ပြီး လက်နက်/ခဲယမ်း များအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ တော်လှန်ရေးအမည်ခံပြီး အကြမ်းဖက်လုပ်ငန်းစဉ်များ လုပ်ကိုင် နေသူများ၏ တိုင်းပြည်နှင့် လူမျိုးအပေါ် ထိခိုက်ဆုံးရှုံးနစ်နာစေမှုများနှင့် နိုင်ငံတော် အစိုးရ၊ တပ်မတော်တို့၏ တိုင်းပြည်နှင့် လူမျိုးအပေါ်ထားရှိသည့် စေတနာမေတ္တာ များကို နားလည်သဘောပေါက်ကြကာ အေးချမ်းသာယာဝပြောပြီး ငြိမ်းအေးချမ်းသာ သည့် လူ့ဘောင်လောကကို အတူလက်တွဲပါဝင်ဆောင်ရွက်နိုင်ရန် ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြစ်ကမ်းအနီးနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၂၈

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်၊ ဘီးလင်းမြို့နယ်၊ တာချီလိတ်မြို့နယ်နှင့် မဒေါက်မြို့ အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၈

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီ တည်ထောင်ခွင့်လျှောက်ထားလာသည့် အဖွဲ့ ၂၇ ဖွဲ့ရှိပြီး လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၂၂ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါတည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၂၂ ပါတီအနက် ဦးမင်းမင်းထွန်း ခေါင်းဆောင်သည့် **ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင် ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၂၁ ပါတီအနက် ၁၅ ပါတီကို မှတ်ပုံတင်ခွင့် ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင် ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ၂၈ - ၇ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား ၁၆.၃၂၉၃၂၅ ဂရမ်၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၀၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈- ၇ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၃၀၀ | ၇,၃၀၀ | ၃၃၈ | ၂,၄၆၀,၀၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၀၀ | ၁,၁၁၀ | ၃,၇၁၃,၅၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁,၉၅၀ | ၂,၀၀၀ | ၄၄၅ | ၈၇၃,၀၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၃၇၉ | ၉၆၆,၄၅၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၃,၃၄၂ | ၅,၄၀၆,၈၀၀ |
| AMATA | ၃,၆၀၀ | ၃,၆၀၀ | ၃၅၀ | ၁,၂၆၀,၀၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၅၀ | ၁၆၂,၅၀၀ |
| MADPL(PLB) | ၂,၉၅၀ | ၂,၉၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ - ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာ ကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းနှင့် မြန်မာနိုင်ငံမြေငလျင်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီဝင် ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသည့် အင်ဂျင်နီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ယနေ့တွင်ကျရောက်သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှု ၄ လပြည့်အဖြစ် မန္တလေးငလျင်ကြီး ဖြစ်ပေါ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသော ရဟန်း၊ ရှင်၊ လူပြည်သူများအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တစ်မိနစ်ငြိမ်သက်ကြသည်။

**တည်ဆောက်နေထိုင်**

ထို့နောက် "ငလျင်ကာလအလွန် တည်ဆောက်ပြုပြင်ရေး လုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း" မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာ့နေရာအနှံ့အပြား၌ တိုင်းပြည်နိုင်ငံ အသီးသီးထူထောင်နေထိုင်ခဲ့ကြသည့် လူသားများသည် ယဉ်ကျေး တိုးတက်လာသည့်ကာလမှစပြီး သဘာဝတရား၏ ဖန်တီးထားမှုများအပေါ် နေ့စဉ်လူနေမှုဘဝ အဆင်ပြေချောမွေ့ လုံခြုံမှုရရှိစေရေး မိမိတို့၏ တီထွင်ဖန်တီးမှု နည်းပညာများဖြင့် တည်ဆောက်နေထိုင်လာကြခြင်းဖြစ်ကြောင်း။

ထိုကဲ့သို့ သဘာဝတရားနှင့် လိုက်လျောညီထွေဖြစ်အောင် တီထွင်ဖန်တီး နေထိုင်ခဲ့ကြသော်လည်း ကမ္ဘာမြေကြီး၏နောက်ထပ်ပေးထားချက် တစ်ရပ်ဖြစ်သည့် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ခြင်းများကိုမူ ရှောင်လွှဲ၍မရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ လူ့သမိုင်းတစ်လျှောက် တိုးတက်ဖြစ်ထွန်းလာသည့် သိပ္ပံပညာရပ်များအပေါ်အခြေခံပြီး ကြိုတင်သတိပေး ကာကွယ်နိုင်သည့် လေပြင်းမုန်တိုင်း အန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်၊ တောမီးလောင်ကျွမ်းမှု အန္တရာယ်များရှိသကဲ့သို့ မြေငလျင်အန္တရာယ်ကဲ့သို့သော တိကျစွာကြိုတင်ခန့်မှန်းခြင်းမပြုနိုင်ဘဲ ရင်ဆိုင်ကြရသည့် သဘာဝဘေးအန္တရာယ်မျိုးလည်းရှိကြောင်း၊ သဘာဝဘေးအန္တရာယ် အမျိုးအစားများအနက် မြေငလျင်သည် ဖွံ့ဖြိုးဆဲနိုင်ငံများသာမက အတိုင်းအတာတစ်ခုထိ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် နိုင်ငံများ၊ ဖွံ့ဖြိုးပြီး နိုင်ငံများ၌ပါ ကြိုတင်ပြင်ဆင်မှု လိုအပ်ချက်ရှိလျှင်ရှိသကဲ့သို့ ထိခိုက်ဆုံးရှုံးမှုကြီးမားစေသည့် သဘာဝဘေး အမျိုးအစားလည်း ဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံ၌လည်း စတင်ပြီး သမိုင်းမှတ်တမ်းတင်နိုင်ခဲ့သည့် ၁၈၃၉ ခုနှစ်မှ ယနေ့ကာလအထိ ရစ်(ချ်)တာစကေး ၆ နှင့်အထက် ငလျင်ကြီးပေါင်း အကြိမ် ၂၀ ခန့် လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်ကို သမိုင်းမှတ်တမ်းများအရ သိရှိကြပြီးဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က ရစ်(ချ်)တာစကေး ၇ ဒသမ ၇ ဖြင့် လှုပ်ခတ်သွားခဲ့ပြီး မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော် အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ငါးခု၌ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်စေခဲ့သည့် မန္တလေး ငလျင်ကြီးသည်လည်း စစ်ကိုင်းပြတ်ရွေ့ကြောပေါ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း။

**ထိခိုက်ပျက်စီး**

အဆိုပါ မန္တလေးငလျင်ကြီးကြောင့် ရဟန်းရှင်လူပြည်သူ ၃၇၃၉ ဦး အသက်ဆုံးရှုံးခဲ့ရပြီး ကမ္ဘာပေါ်တွင် ဖြစ်ပွားခဲ့သည့် အသက်ဆုံးရှုံးမှု အရေအတွက် သိန်းဂဏန်းရှိသောငလျင်ကြီးများနှင့် နှိုင်းယှဉ်ပါက များစွာလျော့နည်းသက်သာသော်လည်း မိမိတို့နိုင်ငံအတွက် ကြေကွဲဝမ်းနည်းဖွယ် ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့ရကြောင်း၊ အခြေခံအဆောက်အအုံ ပျက်စီးမှုများအနေဖြင့် လူနေအိမ် ၅၀၀၀၀ ကျော်အပါအဝင် လမ်း၊ တံတားများ၊ တာဝါတိုင်များ၊ ကျောင်း၊ ဆေးရုံများ၊ သာသနိကအဆောက်အအုံများ၊ စက်ရုံ/ အလုပ်ရုံများစွာ ထိခိုက်ပျက်စီးခဲ့ရကြောင်း။

ပြည်သူများအား နေအိမ်တိုက်တာအိုးအိမ် ပျက်စီးမှုများ ပြန်လည်ထူထောင်နိုင်ရေးကိုလည်း နိုင်ငံတော်က ကနဦး မတည်ငွေ ကျပ်ငွေဘီလီယံ ၅၀၀ ထောက်ပံ့ ဆောင်ရွက်ပေးထားပြီးဖြစ်သည့်အပြင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် နောက်ထပ် ကျပ်ငွေ ၂ ထရီလီယံကိုလည်း ဆက်လက်ထောက်ပံ့ပေးနေကြောင်း။

ငလျင်ဘေးအန္တရာယ်ကို ယခုအချိန်အထိ တိုးတက်သည့် သိပ္ပံပညာရပ်များနှင့် တိကျစွာကြိုတင်ခန့်မှန်းနိုင်ခြင်း မရှိသေးသည်လည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့အခြေအနေမျိုးတွင် မိမိတို့အနေဖြင့် ဆောင်ရွက်နိုင်သည်မှာ တတ်နိုင်သမျှ အကောင်းဆုံး ကြိုတင်ပြင်ဆင်ခြင်းပင်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်ခြင်းဆိုရာတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရန် ပြင်ဆင်ခြင်းသာမက သဘာဝဘေး အန္တရာယ်များ ကျရောက်လာချိန်တွင် ပြည်သူများ၏ အသက်အိုးအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းပါးအောင် ကြိုတင်မြော်တွေးပြင်ဆင်ခြင်းသည် အဓိကကျသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။

ယနေ့ ကျင်းပပြုလုပ်သည့် "ငလျင်ကာလအလွန် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ (Post-Earthquake Technical Forum)" သည် ဖြစ်ပွားပြီးသည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးရမှုများကို ပြန်လည်ကုစားရန်နှင့် ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် သာမက ငလျင် ပြတ်ရွေ့ကြောပေါ်တွင် တည်ရှိနေသည့် မိမိတို့ မြန်မာနိုင်ငံအနေဖြင့် အနာဂတ်ကာလများတွင် ငလျင်အန္တရာယ်ရင်ဆိုင်ရသည့်အခါ ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် မည်ကဲ့သို့ ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြမည်ဆိုသည်ကို ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်သောကြောင့် မိမိတို့နိုင်ငံရှိ တည်ဆောက်ရေးကဏ္ဍ၏ လိုအပ်ချက်များကို ထိရောက်အကျိုးရှိစွာ ဖော်ထုတ်ဆွေးနွေးပေးကြရန် မှာကြားလိုကြောင်း။

ကမ္ဘာတွင် ငလျင်ဒဏ်ခံရသည့် နိုင်ငံများစွာရှိကြောင်း၊ ယင်းတို့အနက် ဂျပန်၊ တရုတ်၊ အင်ဒိုနီးရှား စသည့် အာရှနိုင်ငံများသည် နည်းပညာနှင့် အရည်အသွေးကောင်းသည့်တည်ဆောက်ရေးပစ္စည်းများကို အသုံးပြုပြီး မိုးမျှော်တိုက်များ၊ အထပ်မြင့်၊ အဆင့်မြင့်အဆောက်အအုံများ တည်ဆောက်နိုင်သည်ကို တွေ့နိုင်ကြောင်း၊ မိမိတို့သည်လည်း မည်သည့်အတွက်ကြောင့် မလုပ်ဆောင်နိုင်ရမည်နည်းဟု စဉ်းစားနိုင်ရန် လိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနကျသည့် တည်ဆောက်ရေး ကဏ္ဍတွင် တည်ဆောက်သည့် အဆောက်အအုံများ၏ အရည်အသွေးပြည့်ဝပြီး ခိုင်ခံ့ကောင်းမွန်ရေးသည် အလွန်အရေးကြီးသည့် အချက်ဖြစ်ကြောင်း၊ အဓိကအားဖြင့် မိမိတို့ လူသားများအနေဖြင့် ယနေ့အချိန်အထိ ကြိုတင်ခန့်မှန်းခြင်း မပြုနိုင်သကဲ့သို့ ရှောင်လွှဲ၍လည်း မရနိုင်သည့် မြေငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်မျိုးနှင့် ရင်ဆိုင်ရသည့်အချိန်မျိုးတွင် မိမိတို့ ထူထောင်တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများသည် ငလျင်ဒဏ်ခံနိုင်သည့် စံချိန်စံညွှန်း အရည်အသွေးများနှင့် ကိုက်ညီမှုသာ မိမိတို့ ပြည်သူများ၏ အသက်အိုးအိမ် ထိခိုက်ဆုံးရှုံးရခြင်းများမှ ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးသည့်နောက် ထိခိုက်ပျက်စီးခဲ့ရသည့် နိုင်ငံပိုင်ရုံးအဆောက်အအုံနှင့် လူနေတိုက်တာအိမ်ခြေများကို ဆန်းစစ်သည့်နေရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများက အင်ဂျင်နီယာများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့တို့ ပူးပေါင်းစစ်ဆေးခဲ့ကြပြီး ပျက်စီးမှုအခြေအနေအလိုက် အရောင်ခွဲခြား သတ်မှတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည့်အပြင် ငလျင်ဒဏ်သင့် အဆောက်အအုံများပြုပြင်နိုင်ရေး ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံ၊ လမ်း၊ တံတားများအတွက် ပျက်စီးမှုအမျိုးအစားနှင့် ပျက်စီးမှုပုံစံများအလိုက် ပြန်လည်ပြုပြင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့် (Standard Operating Procedure–SOP)နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံများ၊ ဘုရား၊ စေတီများနှင့် သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရန်နှင့် အသစ်ပြန်လည်တည်ဆောက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းအဆင့်ဆင့် (Standard Operating Procedure– SOP) ကိုလည်း ရေးဆွဲထုတ်ပြန်ပေးခဲ့ကြသည့်အတွက် များစွာကျေးဇူးတင်သည်ကို ပြောကြားလိုကြောင်း၊ ငလျင်ဒဏ်သင့် အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရေးအတွက် "အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ် တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ" ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်စေလျက်ရှိကြောင်း။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တာဝန်ရှိသူတစ်ဦးအား အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းပေးအပ်စဉ်။

❖ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနကျသည့် တည်ဆောက်ရေးကဏ္ဍတွင် တည်ဆောက်သည့်အဆောက်အအုံများ၏ အရည်အသွေးပြည့်ဝပြီး ခိုင်ခံ့ကောင်းမွန်ရေးသည် အလွန်အရေးကြီးသည့် အချက်ဖြစ်**

❖ **အဓိကအားဖြင့် မိမိတို့လူသားများအနေဖြင့် ယနေ့အချိန်အထိ ကြိုတင်ခန့်မှန်းခြင်း မပြုနိုင်သကဲ့သို့ ရှောင်လွှဲ၍လည်း မရနိုင်သည့် မြေငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်မျိုးနှင့် ရင်ဆိုင်ရသည့် အချိန်မျိုးတွင် မိမိတို့ထူထောင်တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများသည် ငလျင်ဒဏ်ခံနိုင်သည့် စံချိန်စံညွှန်း အရည်အသွေးများနှင့် ကိုက်ညီမှုသာ မိမိတို့ပြည်သူများ၏ အသက်အိုးအိမ် ထိခိုက်ဆုံးရှုံးရခြင်းများမှ ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်**

# ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များသိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

**နေပြည်တော် ဇူလိုင် ၂၈**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများ သိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့် ဖြစ်စဉ်များအား မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာ လှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများအား ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CBPay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာ တိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များ အသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ဝ၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum) အထိမ်းအမှတ် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

**❖ နိုင်ငံတော်၏ တည်ဆောက်ရေးကဏ္ဍတွင် ဦးထမ်းပဲ့ထမ်းဆိုသကဲ့သို့ နေရာစုံမှ ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူ Developer များ၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်း ထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချသူများအပါအဝင် Stakeholder များအားလုံးအနေဖြင့် အနာဂတ်ကာလများတွင် မိမိတို့နိုင်ငံသူ နိုင်ငံသားများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ချလုံခြုံသော အခြေခံအဆောက်အအုံများ ဖန်တီးတည်ဆောက်ပေးနိုင်ရေး ယနေ့ကျင်းပသည့် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ (Post Earthquake Technical Forum) ကတစ်ဆင့် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလို**

☆ စာမျက်နှာ ၃ မှ

တည်ဆောက်ရေးလုပ်ငန်းများ၌ စံချိန်စံညွှန်းများ စနစ်တကျရှိစေရေးအတွက်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းနှင့် မြန်မာနိုင်ငံ ငလျင်ကော်မတီ အပါအဝင် မြို့ပြအင်ဂျင်နီယာနှင့် ငလျင်ဆိုင်ရာ အသင်းအဖွဲ့များက ပေါင်းစပ်ညှိနှိုင်းပြုစုပြီး ၂၀၁၂ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (MNBC) ကို ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ကြိမ် ပြင်ဆင်ထုတ်ပြန်ခဲ့ကြပြီး ယခု ၂၀၂၅ ခုနှစ်တွင်လည်း မကြာမီကလှုပ်ခတ်ခဲ့သည့်မန္တလေးငလျင်ကြီးကြောင့် ဖြစ်ပေါ်လာသော ဘူမိသိပ္ပံဆိုင်ရာအချက်အလက်များအပေါ် အခြေခံပြီး အနာဂတ်ကာလတွင် တွေ့ကြုံလာနိုင်ဖွယ်ရှိသည့် ငလျင်များအတွက် လုံလောက်သော စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ မတူကွဲပြားသည့် ဒေသအလိုက် ပိုမိုအသေးစိတ်တိကျသော ငလျင်ဇုန်မြေပုံများ ဖြည့်စွက်ထည့်သွင်းပေးခဲ့သည့်အပြင် ငလျင်လှုပ်ခတ်စဉ် ပျက်စီးခဲ့သည့် အဆောက်အအုံများ၏ ပျက်စီးမှုပုံစံ(Mode of Failure)များကို သုံးသပ်ပြီး အဆောက်အအုံ အမျိုးအစားအလိုက် တွက်ချက်မှုနည်းစနစ်(Seismic Load Calculation Method)များကိုလည်း ထည့်သွင်းဖော်ပြပြီး ထုတ်ဝေခဲ့ပြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ(MNBC) ၂၀၂၅ သည် ငလျင်ဒဏ် ခံနိုင်ရည်ရှိနိုင်မည့် Earthquake Resilient Design Framework တစ်ခုအဖြစ် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်းကိုလည်း သိရှိရကြောင်း။

တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေနှင့် သံ၊ သံမဏိ ပစ္စည်းတင်သွင်းရောင်းချသူ၊ ပြည်တွင်းထုတ်လုပ်သူများမှစပြီး တွက်ချက်ပုံစံထုတ်သူပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူ Developer များ၊ ကန်ထရိုက်တာများ၊ ကြီးကြပ်တည်ဆောက်သူ အင်ဂျင်နီယာများနှင့် အရည်အသွေးစစ်ဆေးသူများ အစရှိသည့် Construction Industry တစ်ခုလုံးတွင်ရှိကြသည့် အဆင့်ဆင့်သော Stakeholder များအားလုံးက စနစ်တကျဖြင့် အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းလိုက်နာဆောင်ရွက်ကြမှသာ ယနေ့မိမိတို့တာဝန်ယူတည်ဆောက်သော အခြေခံ အဆောက်အအုံများသည် အနာဂတ်ကာလများတွင် ငလျင်အန္တရာယ်ကြုံတွေ့လာသည့်အခါ ပြည်သူအများ၏ အသက်အိုးအိမ် လုံခြုံမှုကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ကျင်းပသည့် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum)တွင် တက်ရောက်လာကြသည့် ပညာရှင်များအနေဖြင့် ငလျင်ဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများ တည်ဆောက်နိုင်ရေး မိမိတို့နိုင်ငံရှိ တည်ဆောက်ရေးလုပ်ငန်းများ၏ ပကတိအခြေအနေနှင့် သတ်မှတ်ထုတ်ပြန်ထားပြီး ဖြစ်သည့်စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအတိုင်း အပြည့်အဝလိုက်နာ ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များကိုပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေး အဖြေရှာကြရန် ဆွေးနွေးမှာကြားလိုကြောင်း။

နိုင်ငံတော်၏တည်ဆောက်ရေး ကဏ္ဍတွင် ဦးထမ်းပဲ့ထမ်းဆိုသကဲ့သို့ နေရာစုံမှ ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူ Developer များ၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်း ထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချသူများ အပါအဝင် Stakeholder များအားလုံးအနေဖြင့် အနာဂတ်ကာလများတွင် မိမိတို့နိုင်ငံသူ နိုင်ငံသားများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ချလုံခြုံသော အခြေခံအဆောက်အအုံများ ဖန်တီးတည်ဆောက်ပေးနိုင်ရေး ယနေ့ကျင်းပသည့် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ(Post Earthquake Technical Forum) ကတစ်ဆင့် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က Damage Assessment နှင့် Earthquake Clinic ဆောင်ရွက်ပေးခဲ့ကြသည့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းနှင့် မြန်မာနိုင်ငံ မြေငလျင်ကော်မတီမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။

ထို့နောက် “ငလျင်ကာလအလွန် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း” ငလျင်ကာလအလွန် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ (Post Earthquake Technical Forum)တွင် သုံးသပ်ဆွေးနွေးမည့် ခေါင်းစဉ်များ၊ ကဏ္ဍအလိုက် ဆွေးနွေးမည့် ပုဂ္ဂိုလ်များနှင့် စာတမ်းဖတ်ကြားမည့် ပုဂ္ဂိုလ်များက မိတ်ဆက်တင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum) အထိမ်းအမှတ် ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ “ငလျင်ကာလအလွန် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း” ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum)အား မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အခြေခံအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ရန်နှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာစိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်နိုင်ရေး သုံးသပ်ဆွေးနွေး အဖြေရှာနိုင်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး ဇူလိုင် ၂၉ ရက်အထိ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၃/ ၂၀၂၅ )**

**၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်**
**(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၁၀)၏ နောက်တွင် ပုဒ်မခွဲငယ်(၁၁)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(၁၁) ရွေးကောက်ပွဲတွင် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်ကြောင်း ကော်မရှင်က စစ်ဆေးတွေ့ရှိခြင်း။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ ထိန်းသိမ်းကာကွယ်ခြင်း ဥပဒေပြဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များထိန်းသိမ်းကာကွယ်ခြင်းဥပဒေ**

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေ အမှတ် ၄၄ / ၂၀၂၅ )**

**၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်**
**( ၂၀၂၅ နှစ်၊ ဇူလိုင်လ ၂၈ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များထိန်းသိမ်းကာကွယ်ခြင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။
( ခ ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။
( ဂ ) **စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ**ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-
(၁) စစ်ဘက်ဆိုင်ရာအဂ္ဂမဟာဗျူဟာများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများ၊ စစ်ဘက်လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊
(၂) တပ်မတော်သုံးရေယာဉ်၊ လေယာဉ်၊ အခြားယာဉ်၊ စက်ယန္တရား၊ လက်နက်ခဲယမ်း၊ စစ်အသုံးအဆောင်ပစ္စည်းတို့နှင့်သက်ဆိုင်သည့် နည်းပညာများ၊ နည်းစနစ်များ၊ ထုတ်လုပ်တပ်ဆင်မှုပညာရပ်များနှင့် သတင်းအချက်အလက်များအပါအဝင် စစ်ဘက်ဆိုင်ရာနည်းပညာများ၊ လုပ်ထုံးလုပ်နည်းများ သို့မဟုတ် နည်းစနစ်များ၊
(၃) စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်ဖြစ်သည်ဟု ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်ထားသည့် ကိစ္စရပ်များ။
(ဃ) **ကာကွယ်ရေးဝန်ထမ်း**ဆိုသည်မှာ အောက်ပါတစ်မျိုးမျိုးကို ဆိုသည်-
(၁) ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို လိုက်နာရသူ၊
(၂) ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို လိုက်နာရသူမဟုတ်စေကာမူ တပ်မတော်၏ အစိတ်အပိုင်းတစ်ခုခုတွင် အချိန်ပိုင်းဖြစ်စေ၊ အမြဲတမ်းဖြစ်စေ လုပ်ကိုင်ဆောင်ရွက်နေသူ၊
(၃) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊
(၄) ပြည်သူ့စစ်တပ်ဖွဲ့ဝင်။
( င ) **ကာကွယ်ရေးဝန်ထမ်းဟောင်း**ဆိုသည်မှာ ကာကွယ်ရေးဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့ဖူးပြီး လက်ရှိတာဝန်ထမ်းဆောင်ဆဲမဟုတ်သူကို ဆိုသည်။
( စ ) **လေ့ကျင့်ပေးခြင်း**ဆိုသည်မှာ စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များကို အသုံးပြု၍ အောက်ဖော်ပြပါ လေ့ကျင့်ပေးမှုတစ်ခုခုကို ဆိုသည်-
(၁) အခကြေးငွေဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ လေ့ကျင့်ပေးခြင်း၊
(၂) အမြဲတမ်းဖြစ်စေ၊ အမြဲတမ်းမဟုတ်ဘဲဖြစ်စေ လေ့ကျင့်ပေးခြင်း၊
(၃) မိမိကိုယ်တိုင် တစ်နည်းနည်းဖြင့် သင်ကြားပေးခြင်း သို့မဟုတ် လေ့ကျင့်ပေးခြင်း ဆောင်ရွက်ရန် ညွှန်ကြားခြင်း။
(ဆ) **လုပ်ကိုင်ဆောင်ရွက်ခြင်း**ဆိုသည်မှာ စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များကို အသုံးပြု၍ အောက်ဖော်ပြပါ လုပ်ကိုင်ဆောင်ရွက်မှုတစ်ခုခုကို ဆိုသည်-
(၁) လေ့ကျင့်ပေးခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း၊
(၂) အခကြေးငွေဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်း၊
(၃) အမြဲတမ်းဖြစ်စေ၊ အမြဲတမ်းမဟုတ်ဘဲဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်း။
( ဇ ) **စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ လွှဲပြောင်းပေးခြင်း**ဆိုသည်မှာ စစ်ဘက်ဆိုင်ရာ လျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ နှုတ်ဖြင့်ပြောဆိုခြင်း၊ စာဖြင့်ရေးသားပေးပို့ခြင်းသို့မဟုတ်တစ်နည်းနည်းဖြင့် သိရှိနိုင်စေရန်လွှဲပြောင်းပေးခြင်းကို ဆိုသည်။
( ဈ ) **နိုင်ငံခြားတိုင်းပြည်၏အစိုးရ**ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်အစိုးရ၏ အာဏာပိုင်တစ်ဦးဦး သို့မဟုတ် အစိတ်အပိုင်းတစ်ရပ်ရပ် သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ ဒေသဆိုင်ရာအစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။
(ည) **နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့** ဆိုသည်မှာ အောက်ပါအဖွဲ့တစ်ဖွဲ့ဖွဲ့ကို ဆိုသည်-
(၁) သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် တရားဝင်လက်နက်ကိုင်တပ်ဖွဲ့၊
(၂) သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် တရားဝင်လက်နက်ကိုင် တပ်ဖွဲ့နှင့် အတူ ပူးတွဲလုပ်ကိုင်နေသော အဖွဲ့အစည်း၊
(၃) သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် တရားဝင်လက်နက်ကိုင်တပ်ဖွဲ့၏ စီမံချက် သို့မဟုတ် ညွှန်ကြားချက်အရဖြစ်စေ၊ ၎င်းတို့၏ သဘောဆန္ဒအလျောက်ဖြစ်စေ ဆောင်ရွက်နေသော အဖွဲ့အစည်း။
( ဋ ) **နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့ မဟုတ်သည့်အဖွဲ့ အစည်း**ဆိုသည်မှာ သက်ဆိုင်ရာနိုင်ငံ၏အတွင်း၌ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံ၏ ပြင်ပ၌ဖြစ်စေရှိသော အောက်ပါအဖွဲ့အစည်းတစ်ခုခုကို ဆိုသည်-
(၁) သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ ဖွဲ့စည်းထားခြင်းမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်း၊
(၂) လုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် သက်ဆိုင်ရာနိုင်ငံ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားသည့် ပုဂ္ဂလိကဝန်ဆောင်မှုကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့။
( ဌ ) **တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့်အဖွဲ့အစည်း**ဆိုသည်မှာ နိုင်ငံတော်၏ အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်၏ပြင်ပ၌ဖြစ်စေ တည်ရှိပြီး နိုင်ငံတော်၏ တရားဝင် လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့်ပြင် ဥပဒေနှင့်အညီဖွဲ့စည်းထားခြင်းမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းကို ဆိုသည်။
( ဍ ) **ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ဥပဒေနှင့်အညီ လိုင်စင်ရယူထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များကို ထိန်းသိမ်းကာကွယ်ခြင်းအားဖြင့် နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးကို အထောက်အကူဖြစ်စေရန်၊
( ခ ) နိုင်ငံခြားတိုင်းပြည်၏ အစိုးရ၊ နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့၊ နိုင်ငံခြား တိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့ မဟုတ်သည့် အဖွဲ့အစည်း၊ တရားဝင်လက်နက်ကိုင်အဖွဲ့အစည်း မဟုတ်သည့် အဖွဲ့အစည်းနှင့် အခြားလူပုဂ္ဂိုလ်တစ်ဦးဦးတို့ကို စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအား အသုံးပြု၍ လေ့ကျင့်ပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ လွှဲပြောင်းပေးခြင်းတို့မှ ကာကွယ်တားဆီးရန်။

**အခန်း(၃)**
**နိုင်ငံခြားတိုင်းပြည်၏ အစိုးရ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့ မဟုတ်သည့် အဖွဲ့အစည်း၌ လုပ်ကိုင်ဆောင်ရွက်ခြင်း**

၄။ ကာကွယ်ရေးဝန်ထမ်း သို့မဟုတ် ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် နိုင်ငံခြားတိုင်းပြည်၏ အစိုးရတွင်ဖြစ်စေ၊ နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့တွင်ဖြစ်စေ၊ ယင်းတို့၏ ကိုယ်စားဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။ သို့ရာတွင် ဝန်ကြီးဌာနက ဥပဒေနှင့်အညီ တာဝန်ပေးအပ်၍သော်လည်းကောင်း၊ ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့်သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ခြင်းသည် ဤပုဒ်မနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၅။ ကာကွယ်ရေးဝန်ထမ်း သို့မဟုတ် ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့မဟုတ်သည့် အဖွဲ့အစည်းတစ်ခုခုတွင်ဖြစ်စေ၊ ယင်းအဖွဲ့၏ကိုယ်စားဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၆။ ကာကွယ်ရေးဝန်ထမ်းနှင့် ကာကွယ်ရေးဝန်ထမ်းဟောင်းတို့မှအပ မည်သူမျှ စစ်ဘက်ဆိုင်ရာ လျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို တစ်နည်းနည်းဖြင့် ရယူအသုံးပြု၍ နိုင်ငံခြားတိုင်းပြည်၏ အစိုးရတွင်ဖြစ်စေ၊ နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့တွင်ဖြစ်စေ၊ နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့ မဟုတ်သည့် အခြားအဖွဲ့အစည်း၌ဖြစ်စေ၊ ယင်းတို့၏ ကိုယ်စားဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

**အခန်း(၄)**
**တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်ခြင်း**

၇။ ကာကွယ်ရေးဝန်ထမ်းတစ်ဦးဦးသည် စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက် တစ်ရပ်ရပ်ကို အသုံးပြု၍ နိုင်ငံတော်၏အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်၏ ပြင်ပ၌ဖြစ်စေရှိသော တရားဝင် လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

**စာမျက်နှာ ၆ သို့ »»**

»»» စာမျက်နှာ ၅ မှ

၈။ ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို အသုံးပြု၍ အောက်ပါအဖွဲ့အစည်းတစ်ခုခုတွင် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ-

(က) တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်း၊

( ခ ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း။

၉။ ကာကွယ်ရေးဝန်ထမ်းနှင့် ကာကွယ်ရေးဝန်ထမ်းဟောင်းတို့မှအပ မည်သူမျှ စစ်ဘက်ဆိုင်ရာ လျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို တစ်နည်းနည်းဖြင့် ရယူအသုံးပြု၍ အောက်ပါ အဖွဲ့အစည်းတစ်ခုခုတွင် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ-

(က) တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်း၊

( ခ ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း။

၁၀။ ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ ခွင့်ပြုချက်လျှောက်ထားရယူရမည်။

၁၁။ ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည်-

(က) ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ၊

( ခ ) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**အခန်း(၅)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၁၂။ မည်သည့်ကာကွယ်ရေးဝန်ထမ်း သို့မဟုတ် ကာကွယ်ရေးဝန်ထမ်းဟောင်းမဆို ပုဒ်မ ၄ သို့မဟုတ် ပုဒ်မ ၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၁၃။ မည်သည့်ကာကွယ်ရေးဝန်ထမ်းမဆို ပုဒ်မ ၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၁၄။ မည်သည့်ကာကွယ်ရေးဝန်ထမ်းဟောင်းမဆို-

(က) ပုဒ်မ ၈ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

( ခ ) ပုဒ်မ ၈ ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်တစ်ဆယ်နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည်။

( ဂ ) ပုဒ်မ ၁၁ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင်ဖြစ်စေ၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၅။ ကာကွယ်ရေးဝန်ထမ်းနှင့် ကာကွယ်ရေးဝန်ထမ်းဟောင်းတို့မှအပ မည်သူမဆို-

(က) ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၉ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

( ခ ) ပုဒ်မ ၉ ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်တစ်ဆယ်နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည်။

၁၆။ မည်သူမဆို စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို ဥပဒေနှင့်အညီ လွှဲပြောင်းပေးခွင့်ရှိသူ၏ ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးဦးထံသို့ လွှဲပြောင်းပေးခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၁၇။ မည်သူမဆို ဤဥပဒေပါတားမြစ်ချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ဤဥပဒေတွင်ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ် ချမှတ်ရမည်။

**အခန်း(၆)**

**အထွေထွေ**

၁၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၀ အရ လျှောက်ထားချက်အား သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၈ အရ ခွင့်ပြုထားသည့် ခွင့်ပြုချက်အား ဆိုင်းငံ့ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၀။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဤဥပဒေဖြင့်သာ အရေးယူရမည်။

၂၁။ ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် ဤဥပဒေအာဏာမတည်မီက ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်နေဆဲဖြစ်ပါက ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ ခြောက်လအတွင်း ဤဥပဒေနှင့်အညီ ဝန်ကြီးဌာနသို့ ခွင့်ပြုချက်လျှောက်ထားရယူရမည်။

၂၂။ ဤဥပဒေအရ စွဲဆိုသောပြစ်မှုတစ်ခုခုအတွက် တရားရုံးတွင် မှုခင်းကိစ္စဆောင်ရွက်နေစဉ် မည်သည့်အဆင့်၌မဆို ဤဥပဒေအရ တစ်ဦးဦးကို စစ်ဆေးစီရင်နေစဉ် ထွက်ဆိုသည့် သက်သေခံချက် သို့မဟုတ် ဖော်ပြသည့်အကြောင်းအရာတစ်ခုခုကို အများကြားသိပါက နိုင်ငံတော်၏ လုံခြုံရေးကိုထိခိုက်စေမည်ဖြစ်သည်ဟုအကြောင်းပြ၍ အများပြည်သူအားလုံး သို့မဟုတ် အချို့ကိုဖယ်ရှားပေးရန် တရားလိုဘက်က လျှောက်ထားလျှင် ထိုသို့လျှောက်ထားသည့်အတိုင်း တရားရုံးက အမိန့်ချမှတ်နိုင်သည်။ သို့ရာတွင် မည်သည့်ကိစ္စ၌မဆို ပြစ်ဒဏ်စီရင်ချက်ကို အများပြည်သူ၏ ရှေ့မှောက်၌ ချမှတ်ရမည်။

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကယားပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**လွိုင်ကော်** ဇူလိုင် ၂၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ပိုးရယ်အောင်သိန်း၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက သီရိမင်္ဂလာဈေးသစ် နှစ်ထပ်ဆောင်ခန်းမ၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ စည်ပင်သာယာရေး ကော်မတီဝင်များ၊ ဈေးကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ရှိသူများက ဈေးသစ်တည်ဆောက်ပြီးစီးမှုနှင့် ဈေးရုံသစ်များ တည်ဆောက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဈေးအတွင်း ဈေးရုံများ တည်ဆောက်ပြီးစီးမှုနှင့် ဈေးရုံသစ်များ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဈေးအတွင်းရောင်းဝယ်ဖောက်ကားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ဈေးသူဈေးသားများ၊ ဈေးဝယ်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားသည်။

ယင်းနောက်အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လွိုင်ကော် တက္ကသိုလ်နယ်မြေအတွင်းရှိ အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တက္ကသိုလ်ပင်မဆောင် အစည်းအဝေးခန်းမ၌ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမှာစကားများပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုကို တင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လွိုင်ကော်တက္ကသိုလ်နယ်မြေ အတွင်းရှိ ပင်မဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ ပါမောက္ခချုပ် နေအိမ်များနှင့် ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသားကျောင်းသူ အိပ်ဆောင်များနှင့် စာသင်ဆောင်များ၊ အားကစားရုံနှင့် အားကစားကွင်းများ၊ အုတ်တံတိုင်းခြံစည်းရိုးများ ပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



အဆိုပါတက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်းများသည် လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် မထောချူကျေးရွာအုပ်စု ရေနီကန်ကျေးရွာ လယ်ယာ ကုန်ထုတ်လမ်း ကွန်ကရစ်လမ်းနှင့် ကျောက်စီရေမြောင်းလုပ်ငန်း နေရာသို့ ရောက်ရှိ၍ ကုန်ထုတ်လမ်းနှင့် ကျောက်စီရေမြောင်း ပြုလုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ရေနီကန်ကျေးရွာနေ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လမ်းရေရှည်အသုံးပြုနိုင်ရေး စနစ်တကျ ထိန်းသိမ်းကြရန် ပြောကြားသည်။

ဆက်လက်၍ အဆိုပါကျေးရွာရှိ စံပြဝက်မွေးမြူရေးခြံသို့ ရောက်ရှိရာ ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက စံပြဝက်မွေးမြူရေးခြံ တည်ဆောက်ထားရှိမှု၊ အသားတိုးဝက်နှင့် မျိုးဝက်မများ မွေးမြူထားရှိမှု၊ အစာသိုလှောင်ရုံ၊ မိလ္လာစွန့်ပစ်ကန်များနှင့် ခြင်၊ ယင်၊ လေကာစနစ်များ ထည့်သွင်းဆောင်ရွက်ထားရှိမှု အခြေအနေကို လိုက်လံရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း လိုအပ်သည့် မျိုးဝက်များ လုံလောက်စွာ မွေးမြူပြီး အသားကဏ္ဍ ဖူလုံမှုရှိစေရန်အတွက် ယခုထက် ပိုမိုတိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်မည့် အခြေအနေကို ဖြည့်ဆည်းတင်ပြသည်။

ယမန်နေ့ ညနေပိုင်းကလည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် လွိုင်ကော်မြို့ ချိကယ်ကန္ဒရဝတီဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ကျောင်းတိုက်ရှိ ဆရာတော် ဘဒ္ဒန္တ တေဇာဝုဓ (သာသနဓဇဓမ္မာစရိယ) အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက်ထေးသမရပ်ကွက်နှင့် ချိကယ်ကျေးရွာအုပ်စု ကျေးရွာများအတွင်း ပြန်လည်ဝင်ရောက်နေထိုင်ကြသည့် ပြည်သူများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားများ ပြောကြားပြီး ပြည်သူများက ဖြည့်ဆည်းပေးရန် တင်ပြချက်များပေါ် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် သီရိမင်္ဂလာတောင်တော်(တောင်ကွဲ)စေတီတော်မြတ်နှင့် ဆုတောင်းပြည့်မြို့နာမ်ရွှေစေတီတော် တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ စေတီတော်များ ဘက်စုံပြုပြင်မွမ်းမံနိုင်ရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာသံတမန်သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ခြင်း အခမ်းအနားနှင့် သံတမန်ရေးရာ ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဇူလိုင် ၂၈

မြန်မာသံတမန်သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ခြင်းနှင့် သံတမန်ရေးရာဘွဲ့လွန် ဒီပလိုမာသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမနှင့် မြန်မာသံတမန် သင်တန်းကျောင်းတို့၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ မြန်မာသံတမန်သင်တန်းကျောင်း အတိုင်ပင်ခံပညာရှင်များအဖွဲ့နှင့် သင်ကြားရေးအဖွဲ့ အဖွဲ့ဝင်များ၊ Naypyitaw State Academy ခေတ္တပါမောက္ခချုပ်နှင့် ဘာသာရပ်ဆိုင်ရာ သင်ကြားရေးအဖွဲ့ဝင်များ၊ သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာ အမှတ်စဉ်(၁/၂၀၂၅) နေပြည်တော်တန်းခွဲနှင့် ရန်ကုန်တန်းခွဲတို့မှသင်တန်းသားသင်တန်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာသံတမန်သင်တန်းကျောင်း ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံခြားရေးဝန်ကြီးဌာနအတွက် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့သည်သာမက အနာဂတ်မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးအတွက် ကြီးမားသော ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း၊ သံတမန်ရေးရာ ပညာရပ် (Diplomacy)သည် ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်သည့်အပြင် စဉ်ဆက်မပြတ် လေ့လာနေရန် (Life Long Learning) လိုအပ်ကြောင်း။

၂၀၀၀ ပြည့်နှစ်မတိုင်မီအထိ မြန်မာနိုင်ငံတွင် Diplomacy နှင့်ပတ်သက်၍ သင်ကြားလေ့ကျင့်ပေးသောကျောင်း၊ တက္ကသိုလ်များမရှိခဲ့သဖြင့် မြန်မာသံတမန်များကို on-job training ဖြင့်သာ လေ့ကျင့်သင်ကြားပေးခဲ့ရကြောင်း၊ အဆိုပါဘာသာရပ်၏ အရေးပါမှုကို သိမြင်လာသည်နှင့်အမျှ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၀ ပြည့်နှစ်မှစ၍ အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း (Basic Diplomatic Skills-BDS)နှင့် အဆင့်မြင့်သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း Enhanced Diplomatic Skills (EDS)များဖွင့်လှစ်၍ မြန်မာသံတမန်များကိုသာမက ပြင်ပလူငယ်များကိုပါ လေ့ကျင့်သင်ကြားပေးခဲ့ရာ လက်ရှိအချိန်အထိ မြန်မာလူငယ် ၈၀၀၀ ကျော်ခန့်ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် သံတမန်ရေးရာဘာသာရပ်များကို လေ့ကျင့်သင်ကြား ပို့ချနိုင်ရေးအတွက်မြန်မာသံတမန်သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရန် ၂၀၁၃ ခုနှစ်ကတည်းက စတင်ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာသံတမန်သင်တန်းကျောင်း အတိုင်ပင်ခံပညာရှင်များအဖွဲ့နှင့် သင်ကြားရေးအဖွဲ့တို့ကိုဖွဲ့စည်း၍ ညှိနှိုင်းဆွေးနွေးမှုများနှင့် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပြည်ပနိုင်ငံများမှ သံတမန်သင်တန်းကျောင်းများသို့ လေ့လာရေးခရီးစဉ်များစေလွှတ်ခြင်း စသည်ဖြင့် အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာသံတမန်သင်တန်းကျောင်း၌ ကနဦးတွင် သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာသင်တန်းများကို စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး နောင်တွင် B.A(Diplomacy)နှင့် M.A(Diplomacy) ဘွဲ့များစသည်ဖြင့် အဆင့်ဆင့် ပေးအပ်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာသံတမန်သင်တန်းကျောင်း ပေါ်ထွန်းလာရေးအတွက် တစိုက်မတ်မတ် ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့သော မြန်မာအငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ MDA အတိုင်ပင်ခံပညာရှင်များအဖွဲ့ အဖွဲ့ဝင်များအား အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း၊ နိုင်ငံတကာသံတမန်များ၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှု အထူးအရေးကြီးသည့်အတွက် မြန်မာနိုင်ငံအခြေစိုက် သံရုံးများမှ သံအမတ်ကြီးများနှင့်သံတမန်များကလည်းလာရောက်ကူညီပို့ချဆွေးနွေးပေးရန်နှင့် သင်တန်းကျောင်းအတွက် လိုအပ်သည့် သင်ကြားမှုအထောက်အကူပြုပစ္စည်းများနှင့် စာအုပ်စာတမ်းများ ကူညီထောက်ပံ့ပေးရန် ကြိုဆိုဖိတ်ခေါ်ကြောင်း၊ မြန်မာသံတမန်သင်တန်းကျောင်းသည် လက်ရှိကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကိုထိရောက်သောသံတမန်ရေးနည်းလမ်းဖြင့် ဖြေရှင်းရန်နှင့် မြန်မာသံတမန်များ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ရန် ခြေလှမ်းသစ်တစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာသံတမန်သင်တန်းကျောင်း ထူထောင်ခြင်းဆိုင်ရာ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်ကို မြန်မာသံတမန်သင်တန်းကျောင်း အဆောက်အအုံ၌ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒေါက်တာညွန့်ဖေတို့က မြန်မာသံတမန်သင်တန်းကျောင်း ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် သံတမန်ရေးရာဘွဲ့လွန် ဒီပလိုမာသင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းသား သင်တန်းသူများအား "မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ အကောင်အထည်ဖော်ခြင်း" ခေါင်းစဉ်ဖြင့် သင်ခန်းစာပို့ချသည်။

သံတမန်ရေးရာ ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၁/၂၀၂၅)သည် မြန်မာသံတမန်သင်တန်းကျောင်းနှင့် Naypyitaw State Academy တို့ ပူးပေါင်း၍ ဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး သင်တန်းကာလမှာလေးလကြာမြင့်သောပညာသင်နှစ်ဝက်နှစ်ခု၊ စုစုပေါင်း သင်တန်းကာလ ရှစ်လအတွင်း သံတမန်ရေးရာများ၊ နိုင်ငံတကာဆက်ဆံရေးများ၊ နိုင်ငံခြားရေးမူဝါဒများ၊ နိုင်ငံတကာအဖွဲ့အစည်းဆိုင်ရာများ၊ အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် မျက်မှောက်ခေတ်နိုင်ငံတကာရေးရာ ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်သည်။

သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ စိတ်ပါဝင်စားသူများ တက်ရောက်လျက်ရှိရာ နေပြည်တော်တန်းခွဲ၌ သင်တန်းသား သင်တန်းသူ ၆၂ ဦး၊ ရန်ကုန်တန်းခွဲ၌ သင်တန်းသား သင်တန်းသူ ၅၁ ဦး စုစုပေါင်း ၁၁၃ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလအတွင်း ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများပို့ချခြင်း၊ ဆန်းစစ်ဆွေးနွေးခြင်း၊ လက်တွေ့လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းများအပါအဝင် အဖွဲ့လိုက်စာတမ်းရေးသားတင်ပြခြင်းတို့ဖြင့် စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇူလိုင် ၂၈

တိုးတက်ခိုင်မာ အားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မိမိတို့ကော်မတီအနေဖြင့် ပြီးခဲ့သည့်ရက်ပိုင်းက မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့သို့ သွားရောက်၍ လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ ဒုတိယအဆင့်အဖြစ် မန္တလေးတိုင်းဒေသကြီး အတွင်း လုပ်ငန်းသုံးခုကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း။

ရွှေ့ပြောင်း စီမံချက်အနေဖြင့် ရမည်းသင်းမြို့နယ်တွင် ရေဘေးသင့်သွားခဲ့သည့် မိုးထိ၊ မိုးမိ၊ ဝါးဖြူတောင်ဒေသမှ ချောင်းဖျားကျေးရွာနှင့် သပြေပင်ကျေးရွာတို့တွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

အမရပူရမြို့နယ်တွင် ငလျင်ဘေးသင့် ရက်ကန်းလုပ်ငန်းရှင်များအတွက် ရက်ကန်းဇုန်(သို့မဟုတ်) ရက်ကန်းကျေးရွာတစ်ရွာထူထောင်ပေးနိုင်ရေးနှင့် ငွေကြေးအရင်းအနှီး ပြန်လည်ထူထောင်ပေးရေးတို့ကို ဆွေးနွေး ညှိနှိုင်းခဲ့ကြောင်း၊ ကာလလတ် အစီအစဉ်အနေဖြင့် ငလျင်ကြောတစ်လျှောက် ၅ ကီလိုမီတာအတွင်း ကျရောက်နေသည့်မြို့နယ် ၁၅ မြို့နယ်မှ ကျေးရွာပေါင်း ၄၈၉ ရွာတွင် သဘာဝဘေး ပညာပေး အစီအစဉ်များနှင့် နိုင်ငံတော်ဘက်မှ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း၊ KBZ Center တွင် အစိုးရနှင့် လူမှုပရဟိတအဖွဲ့အစည်းများ ပူးပေါင်း၍ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုလျှော့ချရေးသင်တန်းများကို လူထုလှုပ်ရှားမှု တစ်ခုအနေဖြင့် ဖော်ဆောင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း။

ထို့ပြင် စစ်ကိုင်းမြို့တွင် ရွှေ့ပြောင်းစီမံချက်အနေဖြင့်စစ်ကိုင်းတောင်ရိုး၌ မှီခိုနေကြရသည့် နေရပ်စွန့်ခွာပြည်သူများနှင့် ငလျင်ဘေးသင့်ပြည်သူ ၂၅၀၀၀ ကျော်အတွက် ရွာထောင်ဘက်တွင် စုစည်းနေရာချထားပြီး ပြန်လည်ထူထောင်ရေးအတွက် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်သွားမည်ကိစ္စရပ်များနှင့် ပတ်သက်၍လည်း ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း။

နေပြည်တော်၌ ဆောင်ရွက်နေသည့် ရွှေ့ပြောင်းစီမံချက်တွင် တိုးတက်ဖော်ဆောင်မည့် ကဏ္ဍလေးရပ်အဖြစ် ဘေးသင့်ပြည်သူလူထု၏ ဘဝအခြေအနေ လုံခြုံအေးချမ်းစွာ တိုးတက်စေရန်၊ ဘေးသင့်ပြည်သူလူထု၏ ဝင်ငွေတိုးတက်လာစေရန်၊ ဘေးသင့်ပြည်သူလူထု၏ လူသားအရင်းအမြစ်စွမ်းရည် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လူမှုအသိုက်အဝန်းများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် စည်းလုံးညီညွတ်မှု တိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမြင့်စိုးက ညောင်ပင်သာကျေးရွာနှင့် မကျီးပင်ကျေးရွာများ ပြန်လည်ထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ဖွင့်ပွဲ၌ ခင်းကျင်းပြသမည့် အစီအစဉ်များ၊ ထောက်ပံ့ ပစ္စည်းပေးအပ်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ညောင်ပင်သာကျေးရွာနှင့် မကျီးပင်ကျေးရွာများ ပြန်လည်ထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာ စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Mongkol Visitstump နှင့်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သတင်းမှန်များထုတ်ပြန်နိုင်ရေး၊ ယဉ်ကျေးမှုကဏ္ဍနှင့် ခရီးသွားမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား မီဒီယာကဏ္ဍသာမက ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၈**

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံ သံအမတ်ကြီး H.E Mr. Iskander Azizov အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နိုင်ငံခြားပညာတော်သင်ကိစ္စရပ်များ၊ ရုရှားဘာသာစကား ပို့ချသည့် ဆရာ ဆရာမများ၏ အရည်အသွေး တိုးတက်စေရေးနှင့် ရုရှားဘာသာစကား သင်ကြားရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ သံအရာရှိ Ms. Anastasia Solovieva တို့ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးကိုကိုကျော် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး Mr. Iskander Azizov အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေး ပိုမိုခိုင်မြဲလာစေရန် ညှိနှိုင်းရေးမှူးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံက ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များနှင့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ကြီးမှူး၍ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၀ ရက်က ကျင်းပခဲ့သည့် အာဆီယံ-ရုရှား နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဖြစ်ပေါ်တိုးတက်မှုရလဒ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့ပြင် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် အာဆီယံဒေသဆိုင်ရာဖိုရမ်ကဲ့သို့သော အာဆီယံဦးဆောင်သည့် ယန္တရားများအောက်မှ အာဆီယံနှင့် ရုရှားအကြား ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအပါအဝင် အကျိုးတူကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ၂၀၂၅ ခုနှစ် ဧပြီ ၁၈ ရက်တွင် ကျင်းပခဲ့သည့် အာဆီယံ-ရုရှား အွန်လိုင်းစစ်တုရင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကစားသမားခြောက်ဦးကို ရုရှားနိုင်ငံသံအမတ်ကြီးက အမှတ်တရလက်ဆောင်ပေးအပ်ခြင်းနှင့် မော်စကိုဒေသစစ်တုရင်အဖွဲ့ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းဖက်ဒရယ်ကောင်စီအဖွဲ့ဝင် Mr. Sergei Karjakin ၏ လက်မှတ်ရေးထိုးထားသည့် စစ်တုရင်ခုံကို ဒုတိယဝန်ကြီးထံ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# စစ်ဆေးအကဲဖြတ်သူနည်းစနစ်သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၈**

မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(ရန်ကင်း)၌ ကျင်းပသည့် စစ်ဆေးအကဲဖြတ်သူ နည်းစနစ်သင်တန်း (Assessor Methodology Training) ဖွင့်ပွဲသို့ တက်ရောက်သည်။



ဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက သင်တန်းသားများ အနေဖြင့် သင်တန်းဆင်းပြီးနောက် NSSA အသိအမှတ်ပြု Assessment Center များတွင် On the Job Training တစ်ကြိမ်၊ Volunteer Assessor အဖြစ် တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ် မပျက်မကွက် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ အလုပ်အကိုင်များမှ Chief Assessor ၏ ထောက်ခံမှု၊ သက်ဆိုင်ရာ အလုပ်အကိုင် ကျွမ်းကျင်မှု စံသတ်မှတ်ရေး ကော်မတီ၏ ထပ်ဆင့်ထောက်ခံမှု၊ မိမိတို့ သွားရောက်ပူးပေါင်းဆောင်ရွက်ခဲ့သော Assessment Center မှ OJT နှင့် Volunteer Assessor အဖြစ် လာရောက်ဆောင်ရွက်ခဲ့ကြောင်း ထောက်ခံမှုများအပေါ် NSSA မှ Assessor အဖြစ် အသိအမှတ်ပြုတာဝန်ပေးအပ်မည်ဖြစ်ကြောင်း၊

သင်တန်းသားများ အနေဖြင့် မိမိတို့ လုပ်ကိုင်ဆောင်ရွက်ကြမည့် အလုပ်အကိုင်များအပေါ် အမှန်တကယ် ကျွမ်းကျင်မှုရှိရန် လိုအပ်ကြောင်း၊ အလုပ်အကိုင်နှင့် ပတ်သက်သော နည်းပညာများ၊ ခေတ်အလိုက် ပြောင်းလဲတိုးတက်သည့် နည်းပညာများကို စဉ်ဆက်မပြတ်လေ့လာရန်နှင့် NSSA က ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို သေချာလေ့လာမှတ်သား၍ Assessor အသိအမှတ်ပြု လက်မှတ်များရရှိပါက NSSA ၏ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကမာရွတ်မြို့နယ်ရှိ NSSA အသိအမှတ်ပြု M Hospitality & Tourism Institute (MHTI)၌ အစားအသောက် ဧည့်ခံကျွေးမွေးခြင်း သင်တန်းနှင့် အိပ်ခန်းဆောင် ထိန်းသိမ်းခြင်းသင်တန်း ဖွင့်လှစ်ပို့ချနေမှုကို လည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ Hang Kei (Myanmar)Garment Co.,Ltd၊Yuan Hong Garment Co.,Ltd အထည်ချုပ်စက်ရုံနှင့် Noatex Starry Myanmar Co.,Ltd အိတ်ချုပ်စက်ရုံများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမဦးစီးဌာန၏ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ချေးငွေလုပ်ငန်းကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး ကျင်းပ



နေပြည်တော် ဇူလိုင် ၂၈

သမဝါယမဦးစီးဌာန၏ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ချေးငွေလုပ်ငန်းကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ် (၁၆) ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အလေးထားဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက သမဝါယမသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် လုပ်ငန်းတူရာများ၊ ဆန္ဒတူသူများ၊ အမှန်တကယ်အလုပ်လုပ်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တတ်ကျွမ်းသူများက ဦးဆောင်ကာ စည်းမျဉ်း၊ စည်းကမ်းများချမှတ်ပြီး သမဝါယမအသင်းများဖွဲ့စည်းကြီးကြပ်ပေးခြင်းများကို အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးစပါးစိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်းအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ၁၃ ခုတွင် စိုက်ပျိုးဧက ၁၅၂၅၇၈ ဒသမ ၃၉၆ ဧကစိုက်ပျိုးနိုင်ရေးလျာထားလျက်ရှိကြောင်း၊ တစ်ဧကလျှင် ငွေကျပ် နှစ်သိန်း၊ နှစ်သိန်းခွဲ၊ သုံးသိန်းနှုန်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ သက်တံရောင်စီမံကိန်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ဘတ်ဂျက်၊ အသင်းပိုင်/ အသင်းအချင်းချင်းတို့က သွင်းအားစုပံ့ပိုးငွေကျပ် ၃၄၃၉၅ ဒသမ ၁၄၆ သန်း ထောက်ပံ့ပေးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်ရေး စီမံကိန်းအနေဖြင့်လည်း နေပြည်တော်၊ ပဲခူး၊ မကွေး၊ မန္တလေးတို့တွင် မိုးကြို၀ါ၊ မိုး၀ါ၊ မိုးနှောင်း၀ါ စိုက်ပျိုးဧက ၉၀၀၀၀ စိုက်ပျိုးနိုင်ရေး လျာထားလျက်ရှိပြီး အတူတကွစုပေါင်းထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ခူးဆွတ်ခြင်း၊ ရောင်းချခြင်းတို့ကို သမဝါယမစနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမဦးစီးမှူးများက မိုးစပါးစိုက်ပျိုးထားရှိမှု၊ မျိုးစေ့ချစက်ကိရိယာပံ့ပိုးမှုနှင့် လိုအပ်သောစိုက်ပျိုးစရိတ်၊ တင်ပြတောင်းခံမည့်အခြေအနေနှင့် နိုင်ငံတော်သို့ ပေးသွင်းရန် ကျန်ရှိသော စိုက်ပျိုးစရိတ် ထောက်ပံ့ငွေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် သမဝါယမဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ထားသည့်အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သနပ်ပင်မြို့နယ် ဖရဲကျေးရွာရှိ မိုးစပါးစိုက်တောင်သူများအား မျိုးစေ့ချကိရိယာနှင့် သွင်းအားစုများချီးမြှင့်ပေးအပ်

သနပ်ပင် ဇူလိုင် ၂၈

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ပေးအပ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် သနပ်ပင်မြို့နယ် ဖရဲကျေးရွာ၌ မျိုးစေ့ချကိရိယာနှင့် သွင်းအားစုများ ချီးမြှင့်ပေးအပ်ပွဲသို့ တက်ရောက်ခဲ့ပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားလုပ်ကိုင်လျက်ရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး ဒေသတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး နည်းလမ်းပေါင်းစုံဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စိုက်ပျိုးရေးလုပ်ငန်းတွင် စိုက်ပျိုးသည့် သီးနှံအလိုက် သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းရရှိရေးသည် အရေးကြီးပြီး တစ်ဧကစိုက်ပျိုးထုတ်လုပ်မှုစရိတ်သက်သာမှသာ တစ်ဧကအကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်သဖြင့် မျိုးစေ့ချကိရိယာများ ပေးအပ်ရခြင်းဖြစ်ကာ အကျိုးရှိရှိ အသုံးပြုစေလိုကြောင်း ပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ဖရဲကျေးရွာရှိ မိုးစပါးစိုက် တောင်သူများအား ပဲခူးတိုင်းဒေသကြီးက ထုတ်လုပ်သည့် မျိုးစေ့ချကိရိယာနှင့် သွင်းအားစုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး တောင်သူများနှင့်အတူ ပဲခူးမြို့မှ ထုတ်လုပ်ထားသည့် လူလိုက်ပါစီးနင်းနိုင်သည့် ကောက်စိုက်စက် သရုပ်ပြသမှုနှင့် စုပေါင်းမြေသြဇာ ကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သနပ်ပင်မြို့နယ် ဈေးပိုင်းအရှေ့ရပ်ကွက်ရှိ ဦးလင်းသူအောင်၏ ဒေသန္တားကောင်ရေ ၂၀၀ ဘက်စုံမွေးမြူရေးခြံနှင့် ဘူတာပိုင်းရပ်ကွက်ရှိ ဦးမြင့်နိုင်၏ ဒေသန္တားကောင်ရေ ၁၀၀ မွေးမြူထားရှိမှုတို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ဒေသန္တားသည် အကြမ်းခံပြီး မွေးမြူရလွယ်ကူသည့်အပြင် မေထုန်မဲ့သားစပ်ခြင်းဖြင့် မျိုးမြှင့်မျိုးပွားခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်သည့်အတွက်ဈေးကွက်ရရှိသည့်လုပ်ငန်းတစ်ခုဖြစ်၍ တိုးချဲ့မွေးမြူသွားရန်၊ တိရစ္ဆာန်အစာအတွက် နေဗီယာမြက်ကို တိုးချဲ့စိုက်ပျိုးသွားရန် နှင့် တိရစ္ဆာန် စွန့်ပစ်ပစ္စည်းများမှ သဘာဝမြေသြဇာ ထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(တောင်ပိုင်း) ဒေသသုတေသနဗဟိုဌာန (လေးထောင့်ကန်)ခြံရှိ သုတေသနလုပ်ငန်းများ စစ်ဆေး



နေပြည်တော် ဇူလိုင် ၂၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဌာနခွဲ အောက်ရှိ ဒေသသုတေသနဗဟိုဌာန (လေးထောင့်ကန်)ခြံ၏ သုတေသနနှင့် သုတေသနခြံတည်ထောင်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ယင်းနောက် အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး မြို့နယ်စိုက်ပျိုးရေးတာဝန်ရှိသူများ၊ တောင်သူများပူးပေါင်းပါဝင်သော မျိုးရွေးချယ်ခြင်း သုတေသနလုပ်ငန်းများဆောင်ရွက်ရန်၊ ဓာတ်ခွဲခန်းများကွင်းပတ်လမ်းအပါအဝင် တင်ဒါဖြင့် ဆောင်ရွက်သောလုပ်ငန်းများကို တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး၊ သတ်မှတ်အရည်အသွေး ပြည့်မီရေးကြပ်မတ်ဆောင်ရွက်ရန်၊ သုတေသနဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်သိက္ခာနှင့်အညီကျင့်ကြံ၍ စည်းလုံးညီညွတ်စွာနေထိုင်ကြရန်နှင့် သက်သာချောင်ချိရေးအတွက် မြေကွက်လပ်မထားဘဲ ဝန်ထမ်းသက်သာ စိုက်ခင်းများထူထောင်၍ မန်ကျည်း၊ ဆူးပုပ်၊ ကင်ပွန်းချဉ်၊ ချဉ်ပေါင်စသည်ဖြင့် သီးနှံစုံ စိုက်ပျိုးလုပ်ကိုင်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒေသသုတေသနဗဟိုဌာန (လေးထောင့်ကန်)ခြံ တာဝန်ခံက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် သုတေသနလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားပြီး သုတေသနခြံအတွင်း သုတေသနပြုစမ်းသပ်စိုက်ပျိုးထားသောစပါးခင်းများကို ကြည့်ရှုကာ တောင်သူလယ်သမားများ အားကိုးရသော သုတေသနခြံတစ်ခုအဖြစ် ရပ်တည်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card-OWIC)ပေါ်တွင် လုံခြုံရေး Sticker အသုံးပြုသွားမည့်ကိစ္စနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်




အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) ကိုင်ဆောင်ထားပြီး ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများ ပြည်ပနိုင်ငံများသို့ ရောက်ရှိသည့်အချိန် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပါခံစားခွင့်များ ရရှိနိုင်စေရန်နှင့် အလုပ်သမားရေးရာကိစ္စရပ်များ ဖြစ်ပေါ်လာသည့်အချိန် လွယ်ကူလျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card-OWIC) ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card-OWIC) ထုတ်ပေးရာတွင် အတုအပများ မရှိစေရန်နှင့် ပိုမိုလုံခြုံမှုရှိစေရန်အတွက် OWIC ကတ်ပေါ်တွင် လုံခြုံရေး Sticker ကပ်၍ ထုတ်ပေးခြင်းကို ၁-၈-၂၀၂၅ ရက်နေ့မှ စတင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများဆိုင်ရာ ဒီပလိုမာသင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၈**

မြန်မာနိုင်ငံ စာရင်းကောင်စီမှ ကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင် ဖွင့်လှစ်သည့် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာ စာရင်းစံများဆိုင်ရာ ဒီပလိုမာ သင်တန်း (Diploma in International Public Sector Accounting Standards - Dip IPSAS) သင်တန်းအမှတ်စဉ်(၂) အပိုင်း(၁) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်ရာတွင် ခိုင်မာအားကောင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ်လာစေရေး၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများတွင် စာရင်းပညာကျွမ်းကျင်သူ၊ စာရင်းပညာရှင် နိုင်ငံ့ဝန်ထမ်းများ အချိုးညီ တိုးပွားလာစေရေးနှင့် စာရင်းပညာပြန့်ပွားစေရေးတို့အတွက် ယခုသင်တန်းကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ သင်တန်းတက်ရောက်ခြင်းဖြင့် IPSAS စာရင်းစံများနှင့် စပ်လျဉ်းသည့် အသိပညာဗဟုသုတများ ရရှိစေမည်ဖြစ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိသော ဘဏ္ဍာရေး အစီရင်ခံစာများကို ရေးဆွဲရာတွင် အကူအညီပေးနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ ကောင်းမွန်သည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဖြစ်ပေါ်စေမှုတွင် များစွာ အကျိုးရရှိစေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်နေကြသည့်နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သင်ကြားပို့ချမှုများအပြင် စာရင်းစံဆိုင်ရာ တိုးတက်ပြောင်းလဲမှုများကိုလည်း စဉ်ဆက်မပြတ်လေ့လာဆည်းပူးကြစေလိုပါကြောင်း၊ ယခုသင်တန်း အောင်မြင်ပြီး အပိုင်း(၂)၊ အပိုင်း (၃) သင်တန်းသို့ ဆက်လက်တက်ရောက်ပြီး ဘွဲ့လွန်ဒီပလိုမာဘွဲ့ရရှိရေး ဆက်လက်ကြိုးစားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် သင်တန်းသားများ ကိုယ်စားသင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါ သင်တန်းသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သင်တန်းသား သုံးဦး၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်း ၁၃ ခုမှ သင်တန်းသား ၂၈ ဦး စုစုပေါင်းသင်တန်းသား ၃၁ ဦး တက်ရောက်ခဲ့ပြီး အပိုင်း (၃) အထိ အောင်မြင်ပြီးမြောက်သူများအား ဒီပလိုမာဘွဲ့ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**တက်ရောက်**

သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံ စာရင်းကောင်စီဒုတိယဥက္ကဋ္ဌ (၁) ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ငွေတိုက်ဦးစီးဌာနနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သင်တန်းကထိကနှင့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခေတ်မီဆန်စက်ကြီးများတွင် ဆိုလာစွမ်းအင် တိုးမြှင့်ထုတ်လုပ်သုံးစွဲနိုင်ရေး ရှင်းလင်းဆွေးနွေးပွဲနှင့် ရွှေဝါရောင်ဆန်စက်တွင် ဆိုလာစွမ်းအင်ဖြင့် လျှပ်စစ်ထုတ်လုပ်သုံးစွဲခြင်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိခေတ်မီဆန်စက်ကြီးများတွင် ဆိုလာစွမ်းအင်တိုးမြှင့်ထုတ်လုပ်သုံးစွဲနိုင်ရေး ရှင်းလင်းဆွေးနွေးပွဲနှင့် ရွှေဝါရောင်ဆန်စက်တွင် ဆိုလာစွမ်းအင်ဖြင့် လျှပ်စစ်ထုတ်လုပ်သုံးစွဲခြင်း ဖွင့်ပွဲအထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရွှေလင်ဗန်းစက်မှုဇုန် ရွှေဝါရောင်ဆန်စက်၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ဆိုလာစွမ်းအင်အသုံးပြုခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားညစ်ညမ်းသည့် ဓာတ်ငွေ့များ ထုတ်လွှတ်မှုမရှိခြင်းကြောင့် ခေတ်မီသော စက်ရုံအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်း အပေါ် အလေးထားဆောင်ရွက်ရာရောက်ပါကြောင်း၊ ဆိုလာတပ်ဆင်ပြီး လျှပ်စစ်လိုအပ်မှုကို အသုံးပြုခြင်းသည် အခြားပြည်သူများအတွက် လျှပ်စစ်စွမ်းအင်ကို ဖြည့်ဆည်းပေးရာ ရောက်ခြင်းကြောင့် အခြားတစ်ဦး တစ်ယောက်တစ်နေရာကို အလင်းရောင်ပေးနိုင်စွမ်း ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပို့ကုန်တင်ပို့မှုအခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆန်စက်များတွင် ဆိုလာစွမ်းအင်ထုတ်လုပ်သုံးစွဲမှု အခြေအနေနှင့် ရွှေဝါရောင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆိုလာစွမ်းအင်ထုတ်လုပ်သုံးစွဲမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က ပြသထားသည့် ပြည်ပသို့တင်ပို့နေသည့် ဆန် အမျိုးအစားများ၊ လျှပ်စစ်စွမ်းအား ပြောင်းလဲပေးသည့် ကိရိယာနှင့် ရွှေဝါရောင်ဆန်စက်တွင် မူလအသုံးပြုနေသည့် လျှပ်စစ်အပြင် ဆိုလာ 615 W ၉၇၂ ချပ်ဖြင့် Power 598kWp/ 500kW Inverter System တပ်ဆင်အသုံးပြုပြီး လုပ်ငန်းထုတ်လုပ်ပုံ လုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုကာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ က Shwe Ma Naw Myay Trading Co.,Ltd.၏ ဆန်စက်တွင် ကုန်တင်ကုန်ချဆိပ်ကမ်း၊ မူလအသုံးပြုနေသည့် လျှပ်စစ်အပြင် ဆိုလာစနစ်ဖြင့် AC Power 300kW တပ်ဆင်အသုံးပြုရန် လျာထားပြီး ဆောင်ရွက်မည့်လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း၊ သမာဓိဆန်စက်တွင် မူလအသုံးပြုနေသည့် လျှပ်စစ်အပြင် ဆိုလာ 700W ၃၈၄ ချပ်ဖြင့် DC Power 268.8 kWp/ AC Power 200kW တပ်ဆင်အသုံးပြုပြီး ထုတ်လုပ်ပုံ လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၂၈**

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**မိုး/ဇလ**

# ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးဆီ ရှေးရှုသည့် BRI ထီးရိပ်အောက်က CMEC

**မိုးကေနိုင်**

(ယမန်နေ့မှအဆက်)

## နှစ်နိုင်ငံအကျိုးစီးပွားအတွက် ရည်ရွယ်၍

ဤနေရာတွင် **China– Myanmar Economic Corridor (CMEC)** မှ မြန်မာနိုင်ငံ အကျိုးစီးပွားနှင့် ဆက်စပ်နေသည့်တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက် အကျိုးစီးပွားများကို လေ့လာကြည့်ရပါမည်။ မြန်မာနိုင်ငံအတွက် နိုင်ငံတကာ Gateway၊ တရုတ်အတွက် ကမ္ဘာကို ချဲ့ထွင်မည့် နိုင်ငံတကာဈေးကွက် အကျိုးစီးပွားများကို မြင်မိပါသည်။ စီးပွားရေးတစ်ခုတည်းမက စွမ်းအင်ဖူလုံမှု၊ အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်၊ နယ်စပ်ဒေသများ လုံခြုံရေးနှင့် နယ်စပ်ကုန်သွယ်ရေးများ ပါဝင်သော လုံခြုံရေးရာရှုထောင့်များမှ နှစ်နိုင်ငံအကျိုးစီးပွား၊ ဒေသအကျိုးစီးပွား၊ ကမ္ဘာ့အကျိုးစီးပွားများအထိ မြင်ရပါမည်။

စွမ်းအင်ဆိုင်ရာကဏ္ဍတွင် အရှေ့အလယ်ပိုင်းနှင့် အာဖရိက ရေနံစိမ်းကို ၂၀၁၃ ခုနှစ်၊ မြန်မာ့သဘာဝဓာတ်ငွေ့ကို ၂၀၁၇ ခုနှစ်ကတည်းကပင် အရှည် ၇၇၁ နှင့် ၇၉၃ ကီလိုမီတာအသီးသီးရှိသော ရေနံစိမ်းပိုက်လိုင်း၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများဖြင့် မြန်မာနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်း ကျောက်ဖြူမြို့မှ တရုတ်နိုင်ငံ ယူနန်ခရိုင် ချုံကျင်းမြို့အထိ သွယ်တန်း၍ တင်ပို့နေပြီဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နန့်ခမ်းရှိ တရုတ်ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်ထားသည့် ရွှေလီရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားကိုလည်း တရုတ်နိုင်ငံသို့ တင်ပို့နေပြီဖြစ်သည်။ အရှေ့အလယ်ပိုင်းနှင့် အာဖရိကမှရောက်ရှိလာသော ရေနံစိမ်းများကို ယူနန်သို့ ပိုက်လိုင်းမှတစ်ဆင့် တင်သွင်းရာမှာ အရေးပါသော ကျောက်ဖြူ မဒေးကျွန်းရေနက်ဆိပ်ကမ်းနှင့်အတူ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ဆက်စပ်ကုန်းလမ်း ရထားလမ်းကြောင်းများကြောင့် ဤဒေသသည် နောင်တွင် ဒေသတွင်း၌ ထင်ရှားသော မြန်မာ့စက်မှုဇုန်အချက်အချာနေရာတစ်ခုအဖြစ် ရောက်ရှိလာမည်မှာ မလွဲပါ။

ထို့အပြင် ယူနန်နယ်စပ်မြို့ ရွှေလီမှ မူဆယ်၊ ကျောက်ဖြူအထိ ရထားလမ်း၊ ကားလမ်းများဖြင့် ပုံဖော်ထားသည့် တရုတ်နိုင်ငံ၏ အိန္ဒိယနှင့် ပစိဖိတ်သမုဒ္ဒရာနှစ်စင်း မူဝါဒကြောင့်လည်း ယူနန်ပြည်နယ်၏ အရှေ့တောင်အာရှနှင့် တောင်အာရှကုန်သွယ်ရေးလမ်းကြောင်းအိပ်မက်ကြီးသည် အမှန်တကယ်ဖြစ်လာနိုင်သည်။ ရလဒ်အနေဖြင့် အမေရိကန်ရေတပ်၏ ခြိမ်းခြောက်မှုအောက်ရောက်နေသည့် တရုတ်ကုန်သွယ်လမ်းကြောင်းဖြတ်သန်းရာမလက္ကာရေလက်ကြားအပေါ် မှီခိုနေရမှုသည်လည်းလျော့ကျသွားနိုင်ပါသည်။

မြန်မာနိုင်ငံအရှေ့မြောက်ဒေသများနှင့် နယ်စပ်ယူနန်ခရိုင်သည် အဓိကကုန်သွယ်ဖက်များဖြစ်သော်လည်း ခေတ်အဆက်ဆက် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရာသံသရာထဲမှ ရုန်းမထွက်နိုင်သော နေရာများလည်းဖြစ်သည်။ ထိုဒေသတစ်ခုလုံး မူးယစ်ဆေးဝါးပပျောက်ပြီး တရားဥပဒေစိုးမိုးကာ ကုန်သွယ်ထုတ်လုပ်မှုနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည့် ဒေသတစ်ခုဖြစ်ပေါ်လာရေး၊ အလုပ်အကိုင်အခွင့်အလမ်း များစွာပေါ်ထွက်လာပြီး ဆင်းရဲမှုပပျောက်ရေးအတွက် နယ်စပ်ဒေသစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန်များ တည်ဆောက်နိုင်ရန် လိုအပ်နေပါသည်။

## လမ်းကြောင်းပုံသဏ္ဌာန်

CMEC စင်္ကြံဆိုသည်ကို မြင်ကြည့်လျှင် Y ပုံသဏ္ဌာန်ရှိပြီး ကီလိုမီတာ ၁၇၀၀ အရှည်ရှိပါသည်။ လမ်းကြောင်းသည် တရုတ်နိုင်ငံ ယူနန်ခရိုင်မြို့တော် ကူမင်းမြို့မှ စတင်ပြီး တရုတ်–မြန်မာနယ်စပ်ကို မူဆယ်၌ဖြတ်၍ မန္တလေးအထိ၊ ထိုမှနှစ်ပိုင်းခွဲကာ မူလတစ်ကြောင်းအဖြစ် ရခိုင်ပြည်နယ် ကျောက်ဖြူမှသည် ဘင်္ဂလားပင်လယ်အော်အထိ လည်းကောင်း၊ နောက်တစ်ကြောင်းက မန္တလေးမှ ကုန်သွယ်မြို့တော်ရန်ကုန်အထိ လည်းကောင်း ဖြစ်သည်။ ထိုစင်္ကြံလမ်းကြောင်းများကြောင့် ဥရောပ၊ အာဖရိကအထိ တရုတ်နိုင်ငံ၏ ကုန်သွယ်မှုလမ်းကြောင်းအရှည်သည် ကီလိုမီတာ ၃၀၀၀ ခန့် လျော့နည်းသွားသည်ဟု ဆိုပါသည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း ပြုလုပ်ခဲ့သည့် နေပြည်တော် ပူးတွဲကွန်ဖရင့်တွင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ စတင်ကြေညာခဲ့သည့် CMEC သည် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းရေးသာဖြစ်ပြီး အကျိုးယုတ်စရာမရှိပါ။ ထို့ကြောင့် တရုတ်နိုင်ငံ BRI အောင်မြင်ရေးတွင် အိန္ဒိယသမုဒ္ဒရာဆီ ဝင်ပေါက်၊ ထွက်ပေါက်သဖွယ်ဖြစ်နေသည့် မြန်မာနိုင်ငံပါဝင်နေသည့် တရုတ်–မြန်မာ CMEC ကို အမြန်အကောင်အထည်ဖော်နိုင်ရန် အရေးကြီးပါသည်။ ထို့ကြောင့်လည်း အဆိုပြုနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မဟာဗျူဟာအရ အချက်အချာကျသော နယ်စပ်မြို့များနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် နယ်စပ်မြို့များအကြား ဟိုချောင် – ကံပိုင်တည်ဂိတ်၊ ရွှေလီ–မူဆယ်ဂိတ်၊ မိန်းတိန် – ချင်းရွှေဟော်ဂိတ် သုံးခုတွင် တည်ရှိသော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များသည် နယ်စပ်ကုန်သွယ်ရေး၊ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုစင်တာနှင့် စီးပွားရေးဇုန်များ ထူထောင်နိုင်သည်အထိ ရည်မှန်းဆောင်ရွက်လျက်ရှိသည့် ဇုန်များဖြစ်သည်။ ထို့နောက် CMEC အောက်မှ နံပါတ် (၃) ကျောက်ဖြူ – ကူမင်း ရထားလမ်းစီမံကိန်းကလည်း စိတ်ဝင်စားစရာကောင်းသည်။ တရုတ်နိုင်ငံအတွင်း ရထားလမ်းစနစ်ဖြင့် ချိတ်ဆက်ထားသည့် ကီလိုမီတာ ၁၄၀၀ အရှည်ရှိ ကူမင်း–ကျောက်ဖြူ လျှပ်စစ်အမြန်ရထားစီမံကိန်းလမ်းကို မူဆယ်–မန္တလေး၊ မန္တလေး – ကျောက်ဖြူ အပိုင်းနှစ်ပိုင်းခွဲ၍ စီမံကိန်း ၃၃ ခုအနက် နယ်ပယ်ကိုးခုကို လွှမ်းခြုံသည့် တန်ဖိုးအားဖြင့် အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉ ဘီလီယံရှိသည့် စီမံကိန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

> ❝၂၀၂၅ ခုနှစ် IMF ကမ္ဘာ့ GDP (PPP) ထုတ်ပြန်ချက်အရ USD သန်းပေါင်း ၄၁ ဒသမ ၇၁ သန်းဖြင့် ကမ္ဘာတွင် စီးပွားရေး စွမ်းဆောင်နိုင်မှု အမြင့်ဆုံးနိုင်ငံဖြစ်နေသည့် တရုတ်နိုင်ငံ၏ BRI ပန်းတိုင်တွင် ပါဝင်ခြင်းဖြင့် သိသာထင်ရှားသော အကျိုးကျေးဇူးများစွာကို ရရှိမည်ဟု ယူဆပါသည်။ အိမ်နီးချင်းမိတ်ဆွေကောင်းစိတ်ဓာတ်ကို အခြေခံ၍ စီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးမှုအရာတွင် တန်းတူညီမျှ ပေါင်းစည်းမှုမှတစ်ဆင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုများရရှိလာမည်ဟု ယုံကြည်ထားပါသည်။ ထိုသို့သော အပြန်အလှန်ယုံကြည်မှုကသာ ဒေသတွင်းဖွံ့ဖြိုးမှုနှင့် တည်ငြိမ်မှုကိုပါ ပေးစွမ်းနိုင်မည်❞

## စီမံကိန်းသုံးခု

ဆက်လက်၍ CMEC မူဘောင်အောက်ရှိ အဓိကကျသော စီမံကိန်းကြီးသုံးခုကို လေ့လာကြည့်ရအောင်ပါ။ နံပါတ်(၁) တရုတ်နိုင်ငံ CITIC အုပ်စုနှင့် မြန်မာနိုင်ငံတို့၏ ၂၀၁၈ ခုနှစ် ကနဦးသဘောတူညီချက်အရ စတင်ခဲ့သော ၄၂၈၉ ဧကရှိ ကျောက်ဖြူ အထူးစီးပွားရေးဇုန်တွင် အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းနှစ်ပိုင်း ပါဝင်သည်။ ကွန်တိန်နာတင်သင်္ဘောများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရည်တင်သင်္ဘောများ ဆိုက်ကပ်ရာ မဒေးကျွန်းရေနက်ဆိပ်ကမ်းနှင့် ရမ်းဗြဲဆိပ်ကမ်းနှစ်ခု၊ အဆင့်မြင့်အိမ်ရာ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့သိုလှောင်ကန်၊ ဓာတ်အားပေးရုံစီမံကိန်းများ ပါဝင်သည့် ရေနက်ဆိပ်ကမ်းအပိုင်းနှင့် ချည်မျှင်နှင့်အထည်၊ အစားအသောက်၊ ရေထွက်ပစ္စည်း၊ ဆေးဝါး၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်နှင့် သုတေသနလုပ်ငန်းများ ပါဝင်သည့် စက်မှုဇုန်အပိုင်းများဟူ၍ ဖြစ်သည်။ ကနဦးအဆင့်မှာပင် စီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းနှစ်ခုမှ လုပ်ငန်းအသစ်ပေါင်း တစ်သိန်းခန့်ကို ဖန်တီးပေးနိုင်မည်ဟုလည်း ဆိုပါသည်။

CMEC မူဘောင်အောင်တွင် နံပါတ်(၂) စီမံကိန်းများအဖြစ် နှစ်နိုင်ငံနယ်ခြားစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များကို တွေ့ရမည်ဖြစ်သည်။ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မဟာဗျူဟာအရ ... ရေနံနှင့် ဂက်စ်ပိုက်လိုင်းနှင့်အပြိုင် ဆောင်ရွက်သွားရန် ဘူမိဗေဒတိုင်းတာမှုများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။

## စိန်ခေါ်မှုများလည်းရှိနေမည်သာ

ကြီးမားသော ကမ္ဘာ့အဆင့် စီးပွားရေးကွန်ရက်ကို ဦးဆောင်နေသူ တရုတ်နိုင်ငံနှင့် မိတ်ဖက်ပါတနာ မြန်မာနိုင်ငံနှစ်နိုင်ငံလုံးအတွက် အားသာချက်နှင့် အခွင့်အလမ်းများရှိသည့်နည်းတူ စိန်ခေါ်မှုများလည်း ရှိနေမည်မှာမလွဲပါ။ ထိုစိန်ခေါ်မှုများကြောင့်ပင် CMEC တိုးတက်မှုမှာ ကာလတစ်ခုအတွင်း နှောင့်နှေးခဲ့ရသည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များတည်ရှိရာ နှစ်နိုင်ငံနယ်ခြားမြို့များသည် လက်နက်ကိုင်အဖွဲ့အစည်းများစွာရှိပြီး ဖွံ့ဖြိုးတိုးတက်မှုအားနည်းသော ဒေသများဖြစ်သည့်အတွက် ထိုဒေသများ တည်ငြိမ်အေးချမ်းအောင် ဦးစားပေးဆောင်ရွက်နေရခြင်းဖြစ်သည်။

တရုတ် – မြန်မာနယ်စပ်တွင် တရားမဝင်လက်နက်ကိုင်အဖွဲ့အစည်းများနှင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု အားကောင်းပြီး ဒေသတွင်း မတည်ငြိမ်ခြင်းက တိုးတက်မှုအတွက် မည်သည့်ကြိုးပမ်းမှုကိုမဆို ဟန့်တားရာရောက်ပါသည်။ အချို့သောဒေသများတွင် ကျရောက်တတ်သည့် သဘာဝကပ်ဘေး၊ ရောဂါကပ်ဘေးကဲ့သို့ စိန်ခေါ်မှုများကိုလည်း ထည့်တွက်ရမည်ဖြစ်သည်။ ဖွံ့ဖြိုးမှုကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပက ဖန်တီးမြဲ လက်ရှိကြုံတွေ့ရင်ဆိုင်နေရသည့် ဟန့်တားနှောင့်ယှက်မှုများအားလုံးကို အနာဂတ်စိန်ခေါ်မှုများအဖြစ် ဆက်လက်ထည့်သွင်းထားရပါဦးမည်။

## ဖွံ့ဖြိုးမှုအမြင်နှင့် ဆန့်ကျင်ဘက်ဖြစ်သည့် အချို့ဒေသခံတို့၏အမြင်များ

ဥပမာ–သဘာဝပတ်ဝန်းကျင်၊ မြေယာပိုင်ဆိုင်မှုကို သင်ခန်းစာယူ၍ ညီညွတ်မျှတသောတုံ့ပြန်မှု၊ ကောင်းမွန်သောအုပ်ချုပ်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ အားလုံးပါဝင်မှုများဖြင့် ပုံရိပ်ကောင်းများဖြစ်ပေါ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တွေ့ကြုံရနိုင်မည့် အန္တရာယ်များအတွက်လည်း ပုံမှန်အကဲဖြတ်အစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ကြောင့်လည်း စိန်ခေါ်မှုများရှိနေငြား CMEC ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကား ဆက်လက်အပြုသဘောဆောင်နေမည်ဖြစ်ပါသည်။

၂၀၂၅ ခုနှစ် IMF ကမ္ဘာ့ GDP( PPP)ထုတ်ပြန်ချက်အရ USD သန်းပေါင်း ၄၁ ဒသမ ၇၁ သန်းဖြင့် ကမ္ဘာတွင် စီးပွားရေးစွမ်းဆောင်နိုင်မှု အမြင့်ဆုံးနိုင်ငံဖြစ်နေသည့် တရုတ်နိုင်ငံ၏ BRI ပန်းတိုင်တွင် ပါဝင်ခြင်းဖြင့် သိသာထင်ရှားသောအကျိုးကျေးဇူးများစွာကို ရရှိမည်ဟု ယူဆပါသည်။ အိမ်နီးချင်းမိတ်ဆွေကောင်းစိတ်ဓာတ်ကို အခြေခံ၍ စီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးမှုအရာတွင် တန်းတူညီမျှ ပေါင်းစည်းမှုမှတစ်ဆင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုများရရှိလာမည်ဟု ယုံကြည်ထားပါသည်။ ထိုသို့သော အပြန်အလှန်ယုံကြည်မှုကသာ ဒေသတွင်းဖွံ့ဖြိုးမှုနှင့် တည်ငြိမ်မှုကိုပါ ပေးစွမ်းနိုင်မည်ဖြစ်ပါသည်။

နယ်မြေအခြေအနေတည်ငြိမ်ပါက ကျောက်ဖြူအပါအဝင် အထူးစီးပွားရေးဇုန်များသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ခရီးသွားလုပ်ငန်းများစွာကို အကောင်းဆုံးဆွဲဆောင်ရာဖြစ်သည်။ အခွန်အကောက်ရငွေများတိုးတက်လာမည်မှာ သေချာသည်။ စီးပွားရေးလုပ်ငန်းရှင်များ၏ ပြည်တွင်းထုတ်လုပ်မှုများတိုးတက်လာမည်။ ထိုမှတစ်ဆင့် အခြားသော စင်္ကြံများနှင့် ချိတ်ဆက်မိကာ ဒေသတွင်း ကုန်သွယ်ဈေးကွက်မှသည် ကမ္ဘာ့ဈေးကွက်ကွန်ရက်အထိ ခြေဆန့်နိုင်တော့မည်ဖြစ်သည်။

MSME လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ထွက်လာစရာရှိသည်။ ရခိုင်တိုင်းရင်းသားများအပါအဝင် မြန်မာတိုင်းရင်းသားများအကြား ဆင်းရဲမှုနှင့် မညီမျှမှုများ လျော့နည်းလာမည်ဖြစ်သည်။ လူနေမှုဘဝများ သိသာထင်ရှားစွာ တိုးတက်လာမှုကြောင့် ငြိမ်းချမ်းရေးအာမခံချက်များကိုလည်း မြင်နေရသည်။ လက်တွေ့ကျသော ချဉ်းကပ်မှုများမှ ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများစွာနှင့် ထိတွေ့ဆက်ဆံခွင့်လည်း ရရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအပါအဝင် ကျွမ်းကျင်ပညာတတ်လူသားအရင်းအမြစ်များစွာကို မွေးထုတ်၍ ထိုလူသားစွမ်းအားကို ထိထိရောက်ရောက် အသုံးချနိုင်တော့မည်ဖြစ်သည်။ ဤသို့ဖြင့် မဟာဗျူဟာအချက်အချာအရ၊ စီးပွားရေးအရ၊ ပထဝီနိုင်ငံရေးအရ အခွင့်အလမ်းကောင်းများကို အကောင်းဆုံးအသုံးချပြီး အတားအဆီးများကိုနည်းပါးအောင်ပြုခြင်းဖြင့် လှပသောအနာဂတ်ကို ပုံဖော်နိုင်မည်ဖြစ်သည်ဟု ယုံကြည်ထားပါသည်။ ။

ကိုးကား – **Shoon Lei Win ၏ Master of Arts Thesis “CHINA–MYANMAR RELATIONS IN THE CONTEXT OF THE CHINA–MYANMAR ECONOMIC CORRIDOR” (CMEC), June 4,2025.**

# မော်လမြိုင်မြို့နယ်၌ ပင်စင်လာရောက်ထုတ်ယူသည့် အငြိမ်းစားများအား Smart Card များ ပြုလုပ်ပေးလျက်ရှိ



**မော်လမြိုင် ဇူလိုင် ၂၈**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁)၌ ပင်စင်လာရောက်ထုတ်ယူကြသည့် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များကို ယနေ့ နံနက်ပိုင်းက ကိုယ်ရေးအချက်အလက် (Biographic)၊ ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူခြင်းနှင့် Smart Card များ ဆောင်ရွက်ပေးနေမှုတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများက သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း လက်ရှိအငြိမ်းစား နိုင်ငံ့ဝန်ထမ်း ၂၇၈၀၃ ဦး ရှိပြီး မော်လမြိုင်မြို့ ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)တို့တွင် ၉၀၅၇ ဦးရှိကြောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မော်လမြိုင်မြို့နယ်ရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥနှင့် အာဟာရမုန့်များ ထောက်ပံ့ပေးလျက်ရှိကြောင်း အခြေခံစားသောက်ကုန်ပစ္စည်းများကိုလည်း ပင်စင်လစာထုတ်ရက်များတွင် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်နယ်ဦးစီးမှူးက နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များအား Biometric အချက်အလက် ကောက်ယူခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြီး e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ (Unique ID) နံပါတ် ထုတ်ပေးခြင်းနှင့် Smart Card ထုတ်ပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ဥတ္တရသီရိမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်ပွဲကျင်းပ




**နေပြည်တော် ဇူလိုင် ၂၈**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ မြန်မာ အီလက်ထရောနစ် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာသင်တန်း အမှတ်စဉ် (၂/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီဝင်များနှင့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက မဲရုံအဖွဲ့ဝင်များသည် ရွေးကောက်ပွဲကျင်းပနေစဉ်ကာလ လက်တွေ့နယ်ပယ်တွင် မဲပေးစက်များကို ဖြန့်ဝေခြင်း၊ ထုတ်ယူခြင်း၊ စက်များတပ်ဆင်ခြင်း၊ နေရာချထားခြင်း၊ ကိုင်တွယ်အသုံးပြုခြင်း လုပ်ငန်းအဆင့်ဆင့်ကို တိကျစွာလိုက်နာ ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင်လည်း မဲပေးစက်ကို တာဝန်ယူ ကိုင်တွယ်အသုံးပြုနိုင်စေရန် အတွက် မဲရုံအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ရန် ရွေးချယ်ထားသူများကို မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းဆိုင်ရာ သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆောင်ရွက်ရသည့် မဲရုံများတွင် တာဝန်ထမ်းဆောင်ကြသော မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသဖြင့် စနစ်တကျ အလေးထား ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

ထို့နောက် နေပြည်တော်ကောင်စီဝင်က ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့အတွင်းရှိ သင်တန်းသား ၇၆၅ ဦးအတွက် ချီးမြှင့်ငွေများ ပေးအပ်ပြီး MEVM မဲပေးစက်များ သရုပ်ပြ တပ်ဆင်အသုံးပြုပုံကို ကြည့်ရှုကာ သင်တန်းတက်ရောက်မည့်သူများကို ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

# တပ်ကုန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်လှစ်



**တပ်ကုန်း ဇူလိုင် ၂၈**

ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက မြို့နယ်အောင်ဆန်းခန်းမ၌ ကျင်းပသည်။ သင်တန်းဖွင့်ပွဲတွင် တပ်ကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးထွန်းထွန်းမင်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်ပညာရေးမှူး ဒေါ်သီသီကြိုင်က ဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ဇာခြည်ဝင်းက မဲပေးစက် အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြ တာဝန်ရှိသူများနှင့် သင်တန်းတက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံ စသည်တို့ကို သင်တန်းသား သင်တန်းသူ ၁၁၂ ဦးတို့အား နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စာတွေ့ လက်တွေ့ နှစ်ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) ကိုင်တွယ် အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ပြည်ထောင်စုနယ်မြေ တာဝန်ခံ ဦးမျိုးလှိုင် လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# တိုင်းရင်းဆေးဆိုင်ရာ ကုထုံးစွမ်းရည်မြင့်မားရေး အကြောပညာသင်တန်းဖွင့်ပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၈**

ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနသည် ပြည်သူလူထုအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် တိုင်းရင်းဆေး ပညာရှင်များ၏ တိုင်းရင်းဆေးဆိုင်ရာ ကုထုံးစွမ်းရည် ပိုမိုမြင့်မားရေးအတွက် အကြောပညာ သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး၌ ကျင်းပသည်။

**သင်ကြားပို့ချ**

ဦးစွာ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းပို့ချမည့် ဆရာကြီးများက နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်နှင့် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ (မန္တလေး/နေပြည်တော်)တို့မှ သင်တန်းသား သင်တန်းသူ ၂၀ အား သင်တန်းနည်းပြများက ၁၄ ရက်ကြာ သင်ကြား ပို့ချပေးသွားမည်ဖြစ်သည်။

အခမ်းအနားသို့ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီးမှ ဒုတိယဆေးရုံအုပ်နှင့် ဆရာ ဆရာမများ၊ နေပြည်တော်တိုင်းရင်းဆေး တိုင်းဦးစီးဌာနမှူး၊ သင်တန်းဆရာကြီးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ကို (ပုဗ္ဗသီရိ)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ထိုင်းနှင့် ကမ္ဘောဒီးယား အပစ်အခတ်ရပ်စဲရန် သဘောတူ




ပူထရာဂျာရာ ဇူလိုင် ၂၈

ထိုင်းနှင့် ကမ္ဘောဒီးယားခေါင်းဆောင်တို့အကြား ဇူလိုင် ၂၈ ရက် ညသန်းခေါင်ယံအချိန်မှစ၍ အပစ်အခတ်ရပ်စဲရန် သဘောတူညီမှုရရှိခဲ့ကြောင်း မလေးရှားနိုင်ငံဝန်ကြီးချုပ် အန်ဝါ အီဘရာဟင်က ပြောကြားသည်။

**ပြောကြား**

အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲ ကျင်းပခဲ့ပြီးနောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်မာနတ်နှင့် ထိုင်းနိုင်ငံ ယာယီဝန်ကြီးချုပ် ဖန်သန် ဝီချာရာချိုင်းတို့နှင့်အတူ သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့ရာတွင် ပဋိပက္ခဖြေရှင်းရေးကို တစ်ဆင့်ချင်းဆောင်ရွက်မည်ဖြစ်ကာ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ပြန်လည်စောင့်ကြည့်မည်ဟု အန်ဝါ အီဘရာဟင်က ပြောကြားသည်။

နှစ်နိုင်ငံအကြားရရှိခဲ့သည့် အပစ်အခတ်ရပ်စဲရန် သဘောတူညီမှုအရ အပစ်အခတ်ရပ်စဲရေးကို ဇူလိုင် ၂၈ ရက် ညသန်းခေါင်ယံအချိန်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကာ ယင်းဆောင်ရွက်ချက်သည် တင်းမာမှုများ လျှော့ချရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုပြန်လည်ရရှိရေးအတွက် အရေးကြီးသည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အပစ်အခတ်ရပ်စဲရေး၏ ပဏာမလုပ်ငန်းစဉ်အဖြစ် နှစ်နိုင်ငံတပ်မှူးများ၏ မျက်နှာစုံညီအစည်းအဝေးကို ဇူလိုင် ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် နယ်ခြားကော်မတီ အစည်းအဝေးကို ဩဂုတ် ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း အန်ဝါအီဘရာဟင်က ပြောကြားသည်။

အာဆီယံအဖွဲ့ အလှည့်ကျသဘာပတိဖြစ်သည့် မလေးရှားနိုင်ငံက အပစ်အခတ်ရပ်စဲရေးလုပ်ငန်းဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့ကို ကူညီဆောင်ရွက်ရန် အသင့်ရှိပြီး အပစ်အခတ်ရပ်စဲရေးလုပ်ငန်းများကို အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံအကြား ဝန်ကြီးချုပ်အဆင့်၊ နိုင်ငံခြားရေးနှင့် ကာကွယ်ရေး ဝန်ကြီးများအဆင့်တွင် ဆက်ဆံရေးပြန်လည်စတင်ရန်အတွက် သဘောတူညီခဲ့ကြကြောင်း မလေးရှားဝန်ကြီးချုပ်က ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများဆိုးရွားနေကြောင်း ကုလသမဂ္ဂတာဝန်ရှိသူပြောကြား



ကုလသမဂ္ဂ ဇူလိုင် ၂၈

ဂါဇာဒေသ၌ လက်ရှိအချိန်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေများ ဆိုးရွားနေကြောင်းကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အထွေထွေ အတွင်းရေးမှူးချုပ် တွမ်ဖလက်ချာက ဇူလိုင် ၂၇ ရက်တွင် ပြောကြားသည်။

**ဆုံးဖြတ်ချက်ကိုကြိုဆို**

ဂါဇာဒေသခံ သုံးဦးလျှင် တစ်ဦးမှာ နေ့စဉ်အစားအသောက်များမရရှိဘဲ ဒေသခံမိသားစုများအတွက်လည်း စားဝတ်နေရေး ခက်ခဲနေကြောင်း ထုတ်ပြန်ချက်တစ်ရပ်တွင် ၎င်းကပြောကြားသည်။ ဂါဇာဒေသသို့ စားရေရိက္ခာများ ဝင်ရောက်ခွင့်ပြုခဲ့ခြင်းနှင့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ယာဉ်များကို ဝင်ရောက်ခွင့်ပြုခဲ့သည့် အစ္စရေး၏ ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း ဖလက်ချာက ပြောကြားသည်။

ဂါဇာဒေသသို့ စားရေရိက္ခာများ အများအပြား ဝင်ရောက်ခွင့်ပြုခြင်းဖြင့် ဒေသတွင်းဖြစ်ပွားနေသည့် အငတ်ဘေးနှင့် ကျန်းမာရေး ပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဟု ကုလသမဂ္ဂ တာဝန်ရှိသူက ပြောကြားသည်။

လက်ရှိအချိန်တွင် ဂါဇာဒေသသို့ စားရေရိက္ခာများ ဖြန့်ဖြူးပေးရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများက ဆောင်ရွက်နေရာ လုပ်ငန်းများ အဆင်ပြေစေရေးအတွက် စိတ်ချရသည့် လမ်းကြောင်းများ လိုအပ်ပြီး စားရေရိက္ခာရယူနေသည့် ဒေသခံများအား တိုက်ခိုက်ခြင်းများကို ရပ်တန့်ရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ ဂါဇာဒေသတွင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှစတင်၍ လက်ရှိအချိန်အထိ ဒေသခံ ၅၉၀၀၀ ကျော် သေဆုံးခဲ့ပြီး ၎င်းတို့အနက်မှ ၁၈၀၀၀ နီးပါးမှာ ကလေးများဖြစ်ကြောင်း သိရသည်။ သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတကာ ဥပဒေကို လိုက်နာရန်လိုအပ်ပြီး စားရေရိက္ခာများဖြန့်ဖြူးရာတွင် နှောင့်နှေးမှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကာ ထိန်းသိမ်းထားသည့် ဓားစာခံများကိုလည်း လွှတ်ပေးရမည်ဟု ၎င်းက ပြောကြားသည်။

မိမိတို့သည် ခေတ္တအပစ်အခတ်ရပ်စဲရေးကို မျှော်မှန်းဆောင်ရွက်ခြင်းမဟုတ်ဘဲ ရေရှည်အပစ်အခတ်ရပ်စဲရေးရရှိရေးကို လိုလားကြောင်း ဖလက်ချာက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# ဖိလစ်ပိုင်နိုင်ငံ၌ဆောင်ရွက်ခဲ့သည့် ရေကြီးရေလျှံမှု ကာကွယ်ရေးစီမံကိန်းများကို ပြန်လည်စစ်ဆေးမည်

မနီလာ ဇူလိုင် ၂၈

ဖိလစ်ပိုင်နိုင်ငံအတွင်း ပြီးခဲ့သည့်သုံးနှစ်က ဆောင်ရွက်ခဲ့သည့် ရေကြီးရေလျှံမှုကာကွယ်ရေးစီမံကိန်းများကို ပြန်လည်သုံးသပ်စစ်ဆေးရန် သမ္မတဖာဒီနန်မားကို့စ်ဂျူနီယာက ဇူလိုင် ၂၈ ရက်တွင် ညွှန်ကြားခဲ့သည်။

နိုင်ငံအတွင်း အပူပိုင်းမုန်တိုင်းများနှင့် မုတ်သုံရာသီဥတု အခြေအနေများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီးနောက် ၎င်းကအထက်ပါအတိုင်းညွှန်ကြားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် သုံးနှစ်အတွင်းဆောင်ရွက်ခဲ့သည့် ရေကြီးရေလျှံမှုကာကွယ်ရေး စီမံကိန်းအရေအတွက်များကိုပြုစုပြီး မိမိထံတင်ပြရန် မားကို့စ်က မှတ်ချက်ပြုပြောကြားသည်။ မကြာမီက ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကို စစ်ဆေးခဲ့ရာတွင် ရေကြီးရေလျှံမှုကာကွယ်ရေး စီမံကိန်းများ၏ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အားနည်းသည်ကို တွေ့ရှိရကြောင်း ၎င်းကပြောကြားသည်။ ယင်းစီမံကိန်းများအလိုက် လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်မည်ဖြစ်ကာ ငွေကြေးသုံးစွဲမှုများကိုလည်း ပြန်လည်စစ်ဆေးမည်ဟု ၎င်းကပြောကြားသည်။ စီမံကိန်းများ ဆောင်ရွက်ခဲ့သည့်အချိန်က နိုင်ငံပိုင်ငွေများကို အလွဲသုံးစားပြုမှုများရှိခဲ့ကြောင်းနှင့်တာဝန်ရှိသူများကို အရေးယူဆောင်ရွက်မည်ဟု မားကို့စ်ကပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၇-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၃၅ | ၃၀၄၅ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၈၅ | ၃၀၀၅ | ၄၅၀၅ | ၃၃၀၀ | ၃၀၂၀ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၀ | ၃၃၃၅ |
| 95 Ron | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၅၆၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |
| HSD (500 ppm) | ၂၇၁၀ | ၂၈၂၀ | ၂၇၉၀ | ၂၇၂၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၆၀ | ၂၇၈၀ | - | ၃၀၇၀ | ၂၇၉၅ | ၂၈၀၀ | ၂၈၇၀ | ၂၈၃၀ | ၂၈၅၅ | ၃၁၁၀ |
| HSD (50 ppm) | ၃၃၅၅ | ၃၄၇၀ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၁၀ | ၃၄၂၅ | ၄၈၃၀ | ၃၇၂၀ | ၃၄၄၅ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၆၀ |
| HSD (10 ppm) | ၃၃၅၅ | ၃၄၇၀ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၁၀ | ၃၄၂၅ | - | ၃၇၂၀ | ၃၄၄၅ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၆၆ | ၂၈၅၅ |
| 95 Ron | ၂၈၂၁ | ၂၉၁၁ |
| HSD (500 ppm) | ၂၅၄၈ | ၂၆၂၈ |
| HSD (50 ppm) | ၃၁၇၆ | ၃၂၆၉ |
| HSD (10 ppm) | ၃၁၇၆ | ၃၂၆၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# ငပုတောမြို့နယ်၌ ကျေးလက်တံတားလုပ်ငန်းများစစ်ဆေး

ငပုတော ဇူလိုင် ၂၈

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(ပြင်ဆင်ထိန်းသိမ်းခြင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ငပုတောမြို့နယ်ရှိ ရေတွင်းကုန်း-ဘုရားလှ တံတားပြုပြင်ခြင်းလုပ်ငန်း တည်ဆောက်ပြီးစီးမှုကို ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဦးကျော်သူမင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီးမြို့နယ်တာဝန်ခံ ဒေါ်ချိုဇင်သန်းက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ တံတားရေရှည်ကြံ့ခိုင်စေရေးနှင့် ခွင့်ပြုတန်ချိန်နှင့်အညီ ဖြတ်သန်းသွားလာနိုင်ရေးတို့အတွက် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၈

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူ နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက် တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေ ၆၅၉၈၃၉၀၃ ကျပ်)ကို လည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ THAI Airways လေယာဉ်ခရီးစဉ် အမှတ် TG-301/SF- 7038 ဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသား ခရီးသည် နှစ်ဦး၏ ဝန်စည်များ အတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန် ပစ္စည်း လေးမျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်(ကုန်လှောင်ရုံ) ၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၇၁၄၃၁၈ ကျပ်)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၈၂၆၉၈၂၂၁ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သိမ်းဆည်းရမိမှု။

ထို့အပြင် ဇူလိုင် ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ချမ်းအေးသာစံ မြို့နယ် ၂၃ လမ်း၊ ၈၂ x ၈၂(A) ကြားရှိ နေအိမ်တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အမျိုးသားဆေးဝါးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်တွေမြို့နယ် ဒါးပိုင်ရွာသစ် ကျေးရွာ၌ တရားဝင်သယ်ဆောင်ခွင့်အထောက်အထား တင်ပြနိုင် ခြင်းမရှိသည့် စားသောက်ကုန် ပစ္စည်း ၁၈ မျိုး စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၈၅၇၃၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ယစ်မျိုးဥပဒေ နှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၇ ရက်တွင် တောင်ငူခရိုင် အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၀၂၉ တန်၊ သစ်မာ သုည ဒသမ ၂၂၀ တန်၊ အခြားသစ် ၅ ဒသမ ၉၁၂ တန် (ခန့်မှန်းတန်ဖိုး ငွေ ၂၈၅၉၃၁၉ ကျပ်)ကို သစ်တော ဥပဒေအရ လည်းကောင်း၊ ဇူလိုင် ၂၈ ရက်တွင် ညောင်ခါးရှည် အမြဲတမ်း စစ်ဆေးရေးစခန်း၌ ဘားအံမှ ရန်ကုန်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၉၂၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်း များအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၇၉၇၇၉၃၁၉ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၈ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ် မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက် ခဲ့ရာ မော်လမြိုင်မြို့ ဒေါင်းဇရပ် ကင်မွန်းခြံရပ်ကွက် အိမ်အမှတ် (၉၃၄)အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန် ပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၂၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာ နိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့ယာဉ် ခြောက်စီးနှင့် လိုင်စင်မဲ့ ဆိုင်ကယ် ၁၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

ဇူလိုင် ၂၅ ရက်၊ ၂၆ ရက်၊ ၂၇ ရက် နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု(ခန့်မှန်း တန်ဖိုးငွေကျပ် ၁၇၈၆၃၄၈၄၀)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန် အစားထိုး ပြည်တွင်း ကုန်ထုတ် လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန် များရှိ အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှု များဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများ အား သက်ဆိုင်ရာ တာဝန်ရှိသူ များက ယခုထက်ပိုမို၍ တားဆီး စစ်ဆေး ကြပ်မတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၂၈

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **" NUG၊ PDF တို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ရွံရှာမုန်းတီးပြီး အမြင်မှန်တွေနဲ့အတူ အဆက်မပြတ် အလင်းဝင်လာကြတဲ့ PDF လူငယ်များ"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **" ဆင်ခြင်တုံတရားမရှိသည့် NUG၊ PDF အကြမ်းဖက်သမားများ၏ ဥပဒေမဲ့ လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၇-၂၀၂၅ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပန်းဆယ်မျိုးထဲမှမြန်မာ့လက်မှုပန်းပုပညာ အလက်ာ
**၀၉:၁၀** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၀၉:၄၀** Sports Diary
**၁၀:၃၅** ကျန်းမာစေဖို့ယောဂကျင့်ကြစို့
**၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'မုသားနောက်ကွယ်' (အပိုင်း-၂၂)
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာဇာတ်လမ်းတွဲ 'ငေါင်' (အပိုင်း-၂၈)
**၁၄:၄၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၉)
**၁၅:၃၀** Weekly MNL Review
**၁၆:၄၀** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
**၁၇:၁၀** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
**၁၇:၃၅** လှပကောင်းမွန်သောနယ်စပ်ခရီး (အပိုင်း-၅)
**၁၈:၃၅** ပြည်ချစ်သားမွန်တေးသဝဏ်
**၁၈:၄၅** သံစဉ်ချိုမြမြန်မာတေးအလှ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၁၆)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ပြည်ချစ်သားမွန်တေးသဝဏ်
**၂၁:၁၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'မုန်တိုင်းတစ်ခုရဲ့နိဂုံး' (အပိုင်း-၉)
**၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

**07:01** Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn
**07:08** Memorable Hainan Island
**07:33** Myanmar Betels
**07:50** Listening Pleasure, Instrumental Music (Banjo) Selection
**08:26** Global Updates; What Does the Spleen Do
**08:30** Myanmar Traditional Snacks: Fuciphagus) (Part-I)
**08:49** Smart Village in Hopong: Kyauk Tan
**09:20** Myanmar Puppeteers (Tha Nge Taw Dance)
**09:31** Mon Traditional Dishes

**Me**

**၀၆:၀၀** အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
**၀၆:၂၀** တိုင်းရင်းသားတေးသီချင်း၊အက(ကရင်)
**၀၆:၅၀** မြန်မာသံစဉ်တေးများ
**၀၇:၁၅** မြန်မာဇာတ်လမ်းတွဲ 'လက်ဆောင်'(အပိုင်း-၇)
**၀၇:၅၀** K POP Music Gallary (27)
**၀၈:၁၀** ဟိုတုန်းကရေဒီယိုဇာတ်လမ်းများ 'မြတ်ပန်းတော်ဝင်'
**၀၉:၀၅** ကာတွန်း 'ဖိုးကောင်ကြီးဥယျာဉ်စွန့်စားခန်း' (အပိုင်း-၃၃)
**၀၉:၃၀** စတီရီယိုတေးများ
**၁၀:၀၀** မြန်မာရုပ်ရှင်(ဆေးရောင်စုံ) 'ကြေမွသွားသောတိမ်တိုက်များအကြောင်း'

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)** ကယားမြေမှလန်းဆန်းသောပန်းကလေးလေးများ
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** တလေဒူးခုန်ခြင်း
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** လှမ်းခဲ့ပါလေဒေါင်းပြုမြေ
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** တို့လယ်တောဟင်း
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)** သင်မယ်ရေးမယ်တို့ချင်းစာ (အပိုင်း-၃၅)
**ချင်း (ချို) (၁၂:၀၀ မှ ၁၃:၀၀)** မြားတံပြုလုပ်ခြင်းနှင့်အထားအသို
**မွန် (၁၃:၀၀ မှ ၁၅:၀၀)** အောင်မြင်ဖြစ်ထွန်းနေသည့်မော်လမြိုင်ကျွဲကော
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၁၃)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** အလှမှာယဉ်ဆေးဖက်ဝင်သည့် တရုတ်စံကားပွင့်လေးများ
**ဝ (၁၉:၀၀ မှ ၂၁:၀၀)** တောင်ယာထမင်းဟင်း
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)** ကြက်ကချင်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၉:၄၅** Save Our Planet Program
**၁၀:၄၅** အသိပညာနှင့်အမှန်တရား
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၉:၁၅** လျှောင်ပြတ်ရွှေများ(အပိုင်း-၁)
**၂၀:၀၀** ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လောဘနှင့်ဒါသ'
**၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ'
**၁၀:၃၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အာဝရိကနိုင်ငံ' (အပိုင်း-၁)
**၁၁:၀၀** ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၇၄)

**MRTV FARMERS' HD**

**၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း
**၀၆:၁၅** တောင်သူ့ဘဝမြှင့်တင်ဖို့ စနစ်ကျလယ်လယ်ယာမြေဖော်ထုတ်စို့
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
**၁၈:၀၀** Agriculture in India
**၁၉:၀၀** Day in the Life of a Small Farm-2
**၂၀:၀၀** ရင်ထဲကရွှေနန်းကျင်(ဇာတ်လမ်း)
**၂၂:၀၀** Haunted Mansion (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
**၀၆:၄၅** Sports Diary
**၀၇:၂၅** ဘောလုံးကစားနည်းအခြေခံနည်းစနစ်များ
**၁၇:၀၀** အားကစားသတင်း
**၁၈:၀၀** Black.Ice

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ထားဝယ်မြို့၌ ဥပဒေအသိပညာပေးဟောပြောပွဲနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ထားဝယ် ဇူလိုင် ၂၈**

တနင်္သာရီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ ထားဝယ်ပညာရေးဒီဂရီကောလိပ် တိက္ခပညာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်အမှာစကား ပြောကြားပြီး MRTV DTH နှစ်စုံနှင့် အားကစားပစ္စည်းများပေးအပ်ရာ ထားဝယ်ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန တိုင်းတာဝန်ခံ ဦးဇော်မင်းထွေးက "ယဉ်ကျေးမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Polytechnic University (Dawei) ကွန်ပျူတာသိပ္ပံဌာန တွဲဖက်ပါမောက္ခ ဒေါက်တာအေးသီတာဝင်းက "AI နည်းပညာ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊



တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိသန္တာက "ပင်လယ်မျှော့အကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ထားဝယ်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ထားဝယ်မြို့ ထားဝယ်တက္ကသိုလ်၌ ကျင်းပသည့် ဥပဒေအသိပညာပေးဟောပြောပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဥပဒေချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၏ အချုပ်အခြာအာဏာ (၃)ရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို ပိုင်းခြားကျင့်သုံးပုံ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဖွဲ့စည်းခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စတင်ဖွင့်လှစ်သင်ကြား ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့ရှိ အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့်ကျောင်းအဆောက်အအုံနှင့် ပရိဘောဂပစ္စည်းများ ပြုပြင်ခြင်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပရေးနှင့် မိုင်းအန္တရာယ် ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားမိဘပြည်သူများကလည်း ပူးပေါင်းပါဝင်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေးအတွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းကိုလည်း ယနေ့တွင်



စတင် ဖွင့်လှစ်ပညာသင်ကြားပေးလျက်ရှိရာ ကျောင်းသားကျောင်းသူ ၂၅၁ ဦး တက်ရောက်ပညာသင်ကြားလျက် ရှိသည့်အပြင် ထပ်မံလာရောက်ကျောင်းအပ်နှံသူ ကျောင်းသားကျောင်းသူများ ကိုလည်း ကျောင်းအပ်လက်ခံခြင်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို တစ်ပါတည်း ပေးအပ်ကြသည်။

ထို့နောက် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံ တိုင်းရင်းသားပြည်သူ ၁၃၇ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက် ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ချောက်မြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ချောက် ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ လျှပ်စစ်အင်ဂျင်နီယာဦးဆောင်သော ဝန်ထမ်းများက ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေးခြင်းများကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထက်အောင်နိုင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ပြည်သူများ လျှပ်စစ်မီးကိုင်တွယ်သုံးစွဲရာ၌ သတိပြုရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် နေအိမ်များတွင် သွယ်တန်းထားသော လျှပ်စစ်ဝါယာကြိုးများ ဟောင်းနွမ်းဆွေးမြည့်ပါက အသစ်လဲလှယ်အသုံးပြုရန်တို့ကို အသိပညာပေးဟောပြောပြီး မြို့ပေါ်ရပ်ကွက် လူစည်ကားသောနေရာများ၊ မြစ်ရေဝင်ရောက်သည့် အနိမ့်ပိုင်းရပ်ကွက်များနှင့် ဈေးများမှ ဈေးရောင်းဈေးဝယ်ပြည်သူများ၊ လမ်းသွားလမ်းလာပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျိုက်လတ်မြို့နယ်၌ စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံများ မီးဘေးကာကွယ်ရေး စစ်ဆေး



**ကျိုက်လတ် ဇူလိုင် ၂၈**

ဧရာဝတီ တိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက မြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးမှုတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းနှင့် ဝန်ထမ်းများက စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံ အဆောက်အအုံများ မီးဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် မီးသတ်ဆေးဘူးများ ကြိုတင်ပြင်ဆင်ထားမှုရှိ၊ မရှိနှင့် မီးသတ်ဆေးဘူး သုံးစွဲပုံနည်းလမ်းများ၊ လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ပေါ်စေနိုင်သော မီးပလပ်ခုံများ၊ မီးခုံများအား ခံနိုင်ဝန်ထက်ပိုမိုသုံးစွဲခြင်းမပြုရန်နှင့် ဆွေးမြည့်ပေါက်ပြဲနေသော ဝိုင်ယာကြိုးများအား အသုံးမပြုရန်၊ မီးသတ်ရေလှောင်ကန်များထားရှိရန်၊ မီးလောင်မှု/မီးလန့်မှုများ ဖြစ်ပေါ်ပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့အကူအညီ တောင်းခံကြရန်နှင့် မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက်များ လျှောက်ထားရယူသွားရန် စသည့်မီးဘေးလုံခြုံရေးဆိုင်ရာအချက်များကို အကြံပြုညွှန်ကြားခဲ့ကြောင်း သိရသည်။

**လှိုင်မင်းအောင်(ပြန်/ဆက်)**

# ဒဂုံတက္ကသိုလ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေး



**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ဒဂုံတက္ကသိုလ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ဖြစ်ပွားသေဆုံး လျော့ကျရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာထွန်းမင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာပွင့်ဖြူဖြူက သွေးလွန်တုပ်ကွေးအန္တရာယ် ကာကွယ်ရေးနည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**အေးမဇ္ဈူ**

## ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ




**မုံရွာ ဇူလိုင် ၂၈**

ချင်းတွင်းမြစ်အတွင်း ငါးသယံဇာတ ပေါများစေရေးနှင့် ပြည်သူများငါးစားသုံးမှုဖူလုံစေရန် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စိုက်ထည့်ပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက ချင်းတွင်းမြစ်အတွင်း ငါးမြစ်ချင်း၊ ထိုင်းငါးခုံးမ ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ ကျော်ကို စိုက်ထည့်ပေးကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဟုမ္မလင်းမြို့နယ် နားနုန်းကျေးရွာရှိ တောင်သူ ဦးအောင်စိုးလွင်၏ မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး၊ အောင်နိုင်တိုးအထွက်ကောင်း စပါးမျိုး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် ကွင်းသရုပ်ပြနေမှုကိုလည်းကောင်း၊ ဟုမ္မလင်းမြို့ "စာရာမေရီ" မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း လီမိတက်နှင့် "နောင်ဖွတ်မာ်" မွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက် တို့၏ အသားတိုးကြက်များ မွေးမြူထားရှိမှုကို လည်းကောင်း၊ ဟုမ္မလင်းမြို့နယ် နားနုန်းကျေးရွာ ချင်းတွင်းမြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ကမ်းပြိုကာကွယ်ရေး သံခြင်းအခြေပြု ကျောက်စီ မြေထိန်းတမံ တည်ဆောက်မည့်နေရာကို လည်းကောင်း၊ ဟုမ္မလင်းမြို့ အမှတ်(၁) အ ခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ကွန်ကရစ်ခင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေးစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




## ပြင်ဦးလွင်မြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပြင်ဦးလွင် ဇူလိုင် ၂၈**

Green Challenge Association မှ ဥက္ကဋ္ဌ ဦးအောင်မျိုးပိုင် ဦးဆောင်၍ ပညာရွှေရောင် ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ရွှေသုဝဏ်ကိုယ်ပိုင်အထက်တန်းကျောင်းတို့ပူးပေါင်းကာ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၉ နာရီက ဖားအောက်တောရ ဝိပဿနာ ရိပ်သာဝင်းအတွင်း ဗုဒ္ဓသာသနာရိပ်သာ၌ ကျင်းပသည်။

ဦးစွာ Green Challenge Association မှ ဦးအောင်မျိုးပိုင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးတို့က သစ်ပင်စိုက်ပျိုးရသည့် အကြောင်းရင်းများနှင့် မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက "သဘာဝတရားလှပဖို့ သစ်ပင်စိုက်ကြစို့" ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသူများက စိန်ပန်းပင် ၃၀၀၊ သမာပင် ၄၁၁ ပင်၊ ဇာဒံပင် ၁၀၀၊ ထိုင်ဝမ်ဇာဒံပင် ၃၀၀ စုစုပေါင်းပျိုးပင် ၁၁၁၁ ပင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကလေးမြို့၌ တောင်သူများအား လယ်ယာသုံးစက်ကိရိယာများနှင့် ယူရီးယားဓာတ်မြေဩဇာများ ပေးအပ်ပွဲကျင်းပ

**ကလေး ဇူလိုင် ၂၈**

စစ်ကိုင်း တိုင်းဒေသကြီး ကလေးမြို့၌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် တောင်သူများအား လယ်ယာသုံး စက်ကိရိယာ (ဒေါင်းဖန်းလယ်ထွန်စက်နှစ်စီး၊ မျိုးစေ့ချကိရိယာ ၂၃၉ လက်) များနှင့် ယူရီးယား ဓာတ်မြေဩဇာများ ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။



ဦးစွာ ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့်က စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရန် တောင်သူများ၏ စိုက်ပျိုး ထုတ်လုပ်ရေးလုပ်ငန်းများတွင် အခက်အခဲမရှိစေရေး အတွက် မျိုး၊ ရေ၊ မြေ၊ နည်းနှင့် စိုက်ပျိုးရေး သွင်းအားစုများကို ကူညီထောက်ပံ့ပေးလျက်ရှိပြီး တောင်သူများအား လယ်ယာသုံး စက်ကိရိယာ (ဒေါင်းဖန်း လယ်ထွန်စက်နှစ်စီး၊ မျိုးစေ့ချ ကိရိယာ ၂၃၉ လက်) များနှင့် ယူရီးယား ဓာတ်မြေဩဇာများ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ ယနေ့နံနက်ပိုင်းကကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်း(၁/၂၀၂၅)သင်တန်းဆင်းပွဲကို အဆိုပါတက္ကသိုလ် ပင်မဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းဇော်ဦးနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းအချိန်ပိုင်းအမှုဆောင်၊ မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်ဖွဲ့မှူးချုပ် ဦးကျော်မိုးကြည်တို့က သင်တန်းဆင်းအမှာစကားပြောကြားသည်။ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းတွင်ထူးချွန်ဆုရရှိခဲ့ကြသည့် သင်တန်းသား သင်တန်းသူများအား ဆုများနှင့်သင်တန်းနည်းပြများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ကော့သောင်းမြို့နယ်၌ သမဝါယမအသင်းများက ရေနင်ငါး၊ ပုစွန်များ ဖြန့်ဖြူးရောင်းချ

**တနင်္သာရီ ဇူလိုင် ၂၈**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ် အတွင်းရှိ ချမ်းမြေ့ကျော် ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၊ သိမ်းထိုက်ဇော် ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်နှင့် အောင်ကျော်ဇေ ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်များက ပို့ကုန်လုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီများနှင့်ချိတ်ဆက်၍ ပင်လယ်ငါးဖမ်း လုပ်ငန်းများမှ ရရှိသော ရေနင်ငါး၊ ပုစွန် စုစုပေါင်း ကီလိုဂရမ် ၇၅၀၅၁၆ ကို ပြည်တွင်း ဈေးကွက်တွင် ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

❂ **ကျောဖုံးမှ**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန်စသောရေသယံဇာတများစဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ်စီမံအုပ်ချုပ်မှုပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

**အကျိုးကျေးဇူးများရရှိနိုင်မည်**

ချောင်းညီကို ဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိက သစ်မျိုးများဖြစ်သည့် ပြူးခြေထောက်၊ ပြူးအုပ်ဆောင်း၊ လမု၊ လဘာ၊ ကနစို၊ သမဲ့၊ ကျနု၊ မဒမ၊ ပင်လယ်အုန်း စသည့်သစ်မျိုးများနှင့် သရော၊ နံ့ပြူး(ငှက်)နှင့် ဓနိပင်စသည့် ဒေသမျိုးရင်း ဒီရေတော သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ဗျိုင်းအောက်၊ စွန်၊ သိမ်းငှက်၊ ပန်းဇင်ငှက်၊ ခရုစုပ်ငှက်၊ ရေညှောင့်နှုတ်ဝိုင်းငှက်၊ တင်ကျီးငှက်၊ ငှက်တုံးငှက် စသည့်ငှက်မျိုးများ၏ နေရင်း ဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များရှင်သန်ပေါက်ပွားရာ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့်ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၈၈၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂၈-၇-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၀-၇-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၇-၇-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈၈၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိနှုန်းမှာ (၀.၁၁) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နှလုံးသွေးကြောရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## ထားဝယ်မြို့မရဲစခန်း(အချုပ်ခန်း)နှင့် ထားဝယ်အကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေး



ထားဝယ် ဇူလိုင် ၂၈

တနင်္သာရီ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်အေးအေးသန်း၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးသိန်းထိုက်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့မရဲစခန်း(အချုပ်ခန်း)နှင့် ထားဝယ်အကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ထားဝယ်မြို့မရဲစခန်းမှူး ဒုရဲမှူး အောင်သိန်းနိုင်က ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့်တာဝန်ရှိသူများက အမှုစစ်ဆေးဆဲအချုပ်သားများ ဥပဒေပါ အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်မှု ရှိ၊ မရှိ၊ အချုပ်တရားခံများအပေါ် နှိပ်စက်ညှဉ်းပန်းမှု၊ မတရားပြုမူခြင်း ရှိ၊ မရှိ၊ အချုပ်သား အချုပ်သူများ ကျန်းမာရေးပြည့်စုံမှု ရှိ၊ မရှိနှင့် မကျန်းမာပါက ဆေးကုသရန် အခွင့်အရေး ရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များညှိနှိုင်းပေးသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့်တာဝန်ရှိသူများက ထားဝယ်အကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးရာ အကျဉ်းထောင်တာဝန်ခံအရာရှိ ရုံးခန်းတွင် တိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဌေးနှင့် အကျဉ်းထောင် တာဝန်ခံအရာရှိ ဦးလတ်စီတို့က အချုပ်ခံရသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများ၏ အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့်အဖွဲ့သည် အချုပ်ခံနေရသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများ၏အမျိုးသား၊ အမျိုးသမီးအဆောင်များ၊ စားဖိုဆောင်၊ အကျဉ်းထောင်ဆေးခန်း၊ အကျဉ်းထောင်ရေသန့်စက်ရုံ၊ ထောင်တွင်း စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

## ရန်ကင်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်



ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်ဦးဆောင်မှုဖြင့် ရန်ကင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီသီလတ်နှင့် ပူးပေါင်းအဖွဲ့တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ရပ်ကွက်များအတွင်းရှိ နေအိမ်၊ ဆိုင်ခန်း၊ ကုမ္ပဏီ၊ ရုံးခန်းများတွင် အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ ပိုးလောက်လမ်းစစ်ဆေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ ခြင်ဆေးမှုတ်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ကြီးကြပ်ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့ဝင်များ၊ ပရဟိတအသင်းများပူးပေါင်းအဖွဲ့များက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။**လှလှထွေး(ပြန်/ဆက်)**



## မိတ္ထီလာမြို့နယ် စက်ပစ်တောင်ကျေးရွာ၌ ဓမ္မပျိုးခင်း ဓမ္မစကူးလ်သင်တန်းဖွင့်ပွဲကျင်းပ

မိတ္ထီလာ ဇူလိုင် ၂၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စက်ပစ်တောင်ကျေးရွာ စိတ္တသုခကျောင်းတိုက်၌ ဓမ္မပျိုးခင်း ဓမ္မစကူးလ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၇ ရက် ညနေ ၃ နာရီတွင် ကျင်းပသည်။

ဦးစွာ ကုသလာရာမ ဓမ္မစကူးလ် ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ကုသလထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ မြို့နယ်ဓမ္မစကူးလ်ကော်မတီဒုတိယဥက္ကဋ္ဌ ဘုရားကြီးကျောင်းတိုက် ဘုရားကြီးဓမ္မစကူးလ် ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဣန္ဒြိယနှင့် မြို့နယ် ဓမ္မစကူးလ်ကော်မတီအတွင်းရေးမှူး ဥယျာဉ်ကုန်းကျောင်းတိုက် သီတဝတီဓမ္မစကူးလ်၊ မာန်အောင်ရတနာဓမ္မစကူးလ်တို့၏ ဦးဆောင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကောသလ္လတို့က အားပေးဩဝါဒများမိန့်ကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ဓမ္မစကူးလ်ဖောင်းဒေးရှင်း(ဗဟို) သင်တန်းနည်းပြ ဒေါ်လဲ့လဲ့ဝင်းက ဓမ္မစကူးလ်အကြောင်းသိကောင်းစရာများကို ဆွေးနွေးသည်။ ယင်းနောက် သင်တန်းဖြစ်မြောက်ရေးအတွက် လှူဒါန်းသည့် စေတနာရှင်အလှူရှင်များထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာများကို ဓမ္မပျိုးခင်းဓမ္မစကူးလ် ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဥတ္တမသာရ(ဓမ္မာစရိယ)နှင့်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

အဆိုပါဓမ္မစကူးလ်သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၄၀ တက်ရောက်ပြီး ဓမ္မပျိုးခင်းဓမ္မစကူးလ် ဦးဆောင်ဆရာတော်နှင့် သင်တန်းနည်းပြ ၁၁ ဦးတို့က အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဇူလိုင် ၂၇ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ပထမပတ်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

### ❍ မြန်မာနိုင်ငံမှ

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များအား ဆုကြေးများ ထိုက်တန်စွာချီးမြှင့်မည့်အပြင် အကောင်းဆုံးကစားသမားများအား ၂၀၂၅ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်များအဖြစ် စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံတက်ဂ်ဘောအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမင်းဦးကြိုင် (၀၉-၅၀၃၅၁၄၃) နှင့် စီမံမန်နေဂျာ ဦးစိုင်းအောင်ဟိန်း (၀၉-၂၆၀၀၆၁၆၉၉)တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

### ❖ စပိန်အမျိုးသမီးမှ

အင်္ဂလန်အမျိုးသမီးအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၅၇ မိနစ်မှာ ချေပဂိုးရရှိခဲ့လို့ သာမန်ပွဲကစားချိန်အတွင်း သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာတော့ အင်္ဂလန်အမျိုးသမီးအသင်းက သုံးဂိုး-တစ်ဂိုးနဲ့အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

**ပထမဆုံးရယူဆွတ်ခူးနိုင်**

အင်္ဂလန်အမျိုးသမီးအသင်းအနေနဲ့ အမျိုးသမီးယူရိုဖလားကို နှစ်ကြိမ်ဆက်ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပြီး အင်္ဂလန်အမျိုးသမီးအသင်းအတွက် ပြည်ပနိုင်ငံမှာ ပထမဆုံးရယူဆွတ်ခူးနိုင်ခဲ့တဲ့ အဓိကဆုဖလားလည်း ဖြစ်ပါတယ်။

ဒါ့အပြင် အင်္ဂလန်အမျိုးသမီးအသင်းနည်းပြ ဆာရီနာဝီမန်းကတော့ အမျိုးသမီးယူရိုပြိုင်ပွဲမှာ သုံးကြိမ်ဆက် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့တဲ့နည်းပြအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။ နည်းပြ ဆာရီနာဝီမန်းဟာ အင်္ဂလန်အမျိုးသမီးအသင်းနဲ့အတူ အမျိုးသမီးယူရိုဆုဖလားကို နှစ်ကြိမ်ဆက်ဆွတ်ခူးခဲ့တာ ဖြစ်ပါတယ်။ နည်းပြ ဆာရီနာဝီမန်းဟာ အင်္ဂလန်အမျိုးသမီးအသင်းနဲ့အတူ ၂၀၂၇ ခုနှစ် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲအထိ စာချုပ်ချုပ်ဆိုထားတာ ဖြစ်ပါတယ်။

ငွေကြယ်

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## အိတ်ဖွင့်တင်ဒါ( Open Tender )ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၅-၂၀၂၆ ခုဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ ထောက်ပံ့ရန်ပုံငွေဖြင့် ဝယ်ယူမည့် (၈၀/၁၀၀) အမျိုးအစား ကတ္တရာ(၃၀၀)တန်အား မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများထံမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စတိုအရောက် ဈေးနှုန်းဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် တင်ဒါတင်သွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်နေ့ရက်/အချိန် - (၂၉-၇-၂၀၂၅ )မှ(၁၁ -၈ -၂၀၂၅ )ရက်နေ့အထိ(ရုံးချိန်အတွင်း)

တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက်/အချိန် - (၁၁-၈-၂၀၂၅)ရက်နေ့ (၁၆:၃၀ )နာရီ

တင်ဒါတင်သွင်းရမည့်နေရာ- ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့။

တင်ဒါဖွင့်လှစ်မည့်နေ့ရက် - သီးခြားအကြောင်းကြားပါမည်။

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့။ ဖုန်း-၀၉-၄၀၃၇၁၂၅၀၇ သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်-၈၃၁၊ ဦးပိုင်အမှတ်-၈၃(ခဲစင်း)မြောက်ခြမ်း၊ ၄၂x၄၃ကြား၊ ၈၃x၈၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်မာ [၉/မရတ(နိုင်)၀၁၃၈၁၃]၊ ဒေါ်တင်မာကြည်[၉/မရတ(နိုင်)၀၁၃၈၁၁]၊ ဦးခင်မောင်အေး[၉/မရတ(နိုင်)၀၁၄၀၈၈]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ရပ်ကွက်၊ အကွက်အမှတ်-ဈ-၂၊ ဦးပိုင်အမှတ်-၅၅(ခဲစင်း)၊ ၆၀x၆၁ကြား၊ ၁၀၇x၁၀၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နီလာထွန်း ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၁၀၉၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းရွှေဝါ [၉/မရမ(နိုင်)၀၅၇၃၀၉]က အမှုတွဲအမှတ် (၁၅၆၄/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**စာအုပ်စာပေ**
**လူ့မိတ်ဆွေ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၁)ရပ်ကွက်၊ ပုဏ္ဏမီလမ်း၊ အမှတ်(၁၉၂+၂၁၄)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက် အမှတ်(၈၁)၊ မြေကွက်အမှတ်(၁၉၂)၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေကွက်အမှတ်(၂၁၄)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မြေအမည်ပေါက် ဦးခင်ဦး[၁၂/လသန(နိုင်)၀၀၉၆၆၅] အမည်ပေါက် မှတ်သားထားပြီး ၎င်းထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးဟုန်ကွယ်ချင်[၁၃/လရန(နိုင်)၁၁၈၇၂၅]မှ မိမိတစ်ဦးတည်း လက်ဝယ်ထားပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းသောမြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်နှင့်သက်ဆိုင်သည့် ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉ - ၄၂၀၀၅၇၄၉၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၂)၊ ဦးပိုင်အမှတ်-(၁၇၇-ခ)၊ ၅၈လမ်း၊ ၃၁x ၃၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အောင်မေ၏(GPရရှိသူ ဒေါ်မြတ်ဆုအောင်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်( ၇၂၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးမြင့်သောင်း [၉/မရတ(နိုင်)၀၄၃၀၄၉]၊ ဒေါ်ရင်ရင်မြ [၉/မရတ(နိုင်)၀၄၃၃၁၉]တို့က အမှုတွဲအမှတ် (၁၅၈၃/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် ၄၁၇၊ ဦးပိုင်အမှတ် ၄၃-ဆ/၆/၁၈-၁၉ကြား၊ မြို့ပတ်လမ်းရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်လီလီမြင့် [၁/မညန (ပြု) ၀၀၀၀၂၄]က ဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် (၁၁၉)၊ ဦးပိုင်အမှတ်-(၃)၊ ၂၀လမ်း၊ ၈၆x ၈၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှမြင့် ၏(GPရရှိသူ ဦးလေခါနတ်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၁၉၄/၂၀၂၅) ဖြင့် ဝယ်ယူ ခဲ့သူ ဦးစိုးနိုင်ဦး[၅/တမန(နိုင်)၀၅၄၈၂၈]က အမှုတွဲအမှတ် (၁၅၈၁/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၄၂၅)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ x အနံ ၆၀)ပေရှိသော ဦးစိုးလွင်(B/RGN- ၀၁၈၄၈၈)အမည်ပေါက် ဂရန်မြေကွက်အနက် တရားဝင်မခွဲစိတ်ရသေးသည့် အကျယ်အဝန်း(အလျား ၂၀ x အနံ ၆၀)ပေရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၃)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသော ဦးကျော်ကျော်အောင်[၇/နတလ(နိုင်)၁၂၆၂၉၂] နှင့် ဒေါ်ချမ်းမြေ့ရည်မွန် [၁၄/နေဖ(နိုင်)၁၅၁၃၆၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းချစ်သူ[၁၂/ကမတ(နိုင်)၀၆၈၅၁၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် (၃)ထပ်တိုက်အိမ် အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းချစ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်သဇင်စိုး(LL.B) (D.B.L) (D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၄၄)**
**အမှတ်(၂၇၀)၊ ခေမာ(၂)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၈၇၄၆၀၀၈၉၉**
